# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၄)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ၃-၁၂-၂၀၂၄၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲ ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ယှဉ်ပြိုင်ကစားကြသည်။

**အနိုင်ရရှိခဲ့**

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘော ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကိုသုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်

စာမျက်နှာ ၃ သို့ ○




ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## "Kaiser" လိပ်ပြာပုံ(၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထား မှတ်ချက်ပြုထားသည့် "Kaiser" လိပ်ပြာပုံ(၂၀၀ ကျပ်တန်)စာပို့ တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ (၆)ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း(၆)ရက် (သောကြာနေ့)နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟို စာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ(၆)ရက်(သောကြာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၄၂ မိနစ် ၁၄ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် ၂၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မိုင်းပြင်းမြို့၏ အရှေ့တောင်ဘက် ၁၈ မိုင်)ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၂၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

**မိုး/ ဇလ**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ အင်္ဂါနေ့။

မန္တလေး

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Amplifyimg the leadership of persons with disabilities for an inclusive and sustainable future"(အနာဂတ်မှာ အားလုံး ရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး) ဖြစ်သည်။

မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို သိရှိနားလည်နိုင်စွမ်း မြှင့်တင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးများနှင့် ကောင်းကျိုးစီးပွားတို့အတွက် ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်အတွက် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ်သတ်မှတ်ပြီး ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။

နည်းပညာနှင့် တီထွင်ဖန်တီးမှုသည် မသန်စွမ်းသူများအတွက် အလွယ်တကူ လက်လှမ်းမီရယူနိုင်မှု (accessibility) နှင့် အသုံးချနိုင်မှု (usability) များကို မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းတွင်လည်း အထောက်အကူပြု နည်းပညာများ ရယူအသုံးပြုနိုင်မှုကို မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးတစ်ရပ်အနေဖြင့် အသိအမှတ်ပြုထားရှိသည်။ ထို့ပြင် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on The Right of Persons with Disabilities-UNCRPD)ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံပေါင်း ၁၇၅ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံသည် အာရှဖစိဖိတ်ဒေသတွင်းနိုင်ငံဖြစ်သည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည့်အတွက် အာရှနှင့် ပစိဖိတ်ဒေသမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အင်ချွန်းမဟာဗျူဟာ(၂၀၁၃-၂၀၃၃)နှင့် ASEAN Enabling Master Plan (2025) တို့ကို လိုက်နာအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေများကို ထုတ်ပေးထားသည်။ အဆိုပါမတည်ငွေကို မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများကို ထိထိရောက်ရောက်ပံ့ပိုးပြီး တိုးပွားလာသည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများအတွက် အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိအောင် အသုံးပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ အခြေခံအခွင့်အရေးများ အသေအချာရရှိစေရေးနှင့် မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "အနာဂတ်မှာ အားလုံး ရေရှည်တည်တံ့ရေးမသန်စွမ်းသူများ ခေါင်းဆောင်မှု မြှင့်တင်ပေး"နှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ လူတန်းစားအသီးသီးတို့ကို ကူညီစောင့်ရှောက်ပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## စာသင်သား၊ ရဟန်းသံဃာတော်များအား ကျန်းမာရေးစစ်ဆေးပေးရန် ဆေးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ၁၃၈၆-၈၇ (၂၀၂၄-၂၀၂၅)ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်အောင်မြင်ခဲ့ကြသည့် စာသင်သားရဟန်းသံဃာတော်အပါး(၆၀)တို့အား ဘီပိုးစစ်ဆေးပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးရန်အတွက် ဆေးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်မြင့်မြင့်အေး မိသားစုက အလှူငွေကျပ် ၃၉ သိန်းတန်ဖိုးရှိဆေးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(နန်းတော်ရှေ့)မှ အလှူငွေကျပ် ၂၅ သိန်း တန်ဖိုးရှိ ဆေးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း အသီးသီးလှူဒါန်းကြရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရဆရာတော်က ရေစက်ချတရားဟောကြားချီးမြှင့်တော်မူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

အဆိုပါ အခမ်းအနားသို့ အလှူရှင်မိသားစုများ၊ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(နန်းတော်ရှေ့)ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးစံဝင်းနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**





## အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးငြိမ်းသတ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရေး လေ့ကျင့်သင်ကြားပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူးရုံး စစ်ရေးပြကွင်းတွင် မန္တလေးခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးငြိမ်းသတ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရေးလေ့ကျင့်သင်ကြားပေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။

**(အပေါ်ပုံ)**

ဦးစွာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက တပ်ဖွဲ့ဝင်များအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီး လေ့ကျင့်ရေးဝတ်စုံများပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၃၀ ဦးကို မီးငြိမ်းသတ်ရေစွမ်းရည်မြှင့်တင်ရေးအတွက် သင်တန်းကို ၅ ရက်ကြာ မီးသတ်ပစ္စည်းအစုံဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရေနံချောင်း ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စာရေးဆရာအသင်းနှင့် စာပေချစ်သူများအဖွဲ့ ပူးပေါင်းကာ မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနားကို ယမန်နေ့က အလင်းစေတမန်စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေနံချောင်းမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ သဘာပတိ ဦးသိန်းမောင်(နွေဦးမွန်-ရေနံချောင်း)က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါ်လှလှသန်း(မလှမွန်-ရေနံ့သာ)က မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ပေးပို့သည့် မြန်မာနိုင်ငံစာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း၊ စာပေချစ်သူများအဖွဲ့နှင့် မကွေးမြို့ ထနောင်းရင်ခွင်စာပေကဗျာဝိုင်းမှ စာပေချစ်သူများက မြန်မာနိုင်ငံစာဆိုတော်နေ့ ဖြစ်ပေါ်လာပုံနှင့် ခေတ်အဆက်ဆက်မှ စာဆိုရှင်ကြီးများ ရေးသားခဲ့ကြသော စာပေရေးရာအကြောင်းအရာများကို အသီးသီးဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချို မီအောင်နှင့် ဝန်ထမ်းများ၊ ရေနံချောင်းမြို့နယ် စာပေချစ်သူများနှင့် မကွေးမြို့ ထနောင်းရင်ခွင်စာပေကဗျာဝိုင်းမှ စာပေချစ်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၇၂)



## တစ်ချက်တည်းကျင်းဝင်

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ဦးထွန်းအောင်သည် ကျင်းအမှတ်(၈)တွင် အကွာအဝေး ၁၉၆ ကိုက်၌ ဂေါက်တံအမျိုးအစား CALLAWAY IRON-6၊ ဂေါက်သီးအမျိုးအစား Taylormade No - 2 ဖြင့် ဂေါက်ရိုက်ကစားရာ တစ်ချက်တည်း ကျင်းဝင်ခဲ့သည်။ တစ်ချက်တည်းကျင်းဝင်ရာတွင် အတူကစားဖော်များအဖြစ် ဦးစိုးမိုးဦး၊ ဦးကျော်ကျော်ထူး၊ ဦးစိုင်းဆိုင်မိန်း၊ ဦးရန်နိုင်လင်းတို့ဖြင့် ကစားခဲ့သည်။ တစ်ချက်တည်းကျင်းဝင်ခဲ့သော ဦးထွန်းအောင်အား SWEETY HOME ကုမ္ပဏီမှ ဆုငွေကျပ် နှစ်သိန်းတန် ကူပွန်၊ Myanmar Casual Wear ကုမ္ပဏီမှ ဂေါက်အိတ်တစ်လုံး၊ ဝမ်းသာ မြန်မာ ကုမ္ပဏီမှ ဆုငွေကျပ် ဆယ်သိန်းတိတိဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကဆ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၀)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

○ ရွှေဖုံးမှ

အားကစားရုံ၌ ကျင်းပရာ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့က တစ်ဖက်ငါးဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသား ဖူဆယ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)၊(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ငါးဂိုး- နှစ်ဂိုးဖြင့်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့တွင် ယှဉ်ပြိုင်ကစားကြရာ ရောဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကယားပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီ အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃နည်း၊ မသန်စွမ်းအားကစားနည်း လေးနည်းတို့ ထည့်သွင်းကျင်းပလျက်ရှိရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara - Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြရာ ဦးစွာ နေပြည်တော်အမျိုးသား ပြတိုက်သို့ရောက်ရှိပြီး နေပြည်တော် အမျိုးသားပြတိုက် Mini Theatre ၌ တာဝန်ရှိသူများက ပြတိုက် သမိုင်းကြောင်းကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသပြီး သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ လက်ဆောင်ပစ္စည်းများပြခန်း၊ သီဟာသနပလ္လင်ပြခန်းနှင့် နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များပြခန်းတို့ကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတစ်တုံးတည်းမှ ထွင်းထုထားသော ဥပ္ပါတသန္တိပုံစံတူကျောက်စိမ်းစေတီတော်၊ မြန်မာ့အကြီးဆုံး ပုလဲရတနာ၊ အရည်အသွေးမြင့် ကျောက်စိမ်းတုံးများ၊ ရှားပါး မြန်မာ့တွင်းထွက် ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်းပြသကြပြီး ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ပြခန်း



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara – Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။



အောက်ထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များကို လေ့လာကြည့်ရှုကြသည်။

ညပိုင်းတွင် ဧည့်သည်တော်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ် ဝတ္တုကံတော်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြရာ တာဝန်ရှိသူများက မော်ကွန်းတိုက်၌ မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေများနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုများကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်တော် အတွင်း ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ခေတ်မီကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များကို စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara – Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အမျိုးသားပြတိုက်တွင် လေ့လာကြည့်ရှုစဉ်။

## မိုင်းဖြတ်မြို့နယ်၌ မီးခိုးမြူငွေ့ကင်းစင်ရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲ ၁ နာရီက အိုက်ငို့ကျေးရွာအုပ်စု ဟာကြားဟုန်ကျေးရွာခန်းမ၌ မီးခိုးမြူငွေ့ကင်းစင်ရေး၊ တောင်ယာ၊ တောမီးရှို့ခြင်းများမပြုလုပ်စေရေး အသိပညာပေးဆွေးနွေးပွဲပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက ဒေသခံတောင်သူများအနေဖြင့် ဒေသတွင်းမီးခိုးမြူငွေ့ကင်းစင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တောင်ယာနှင့် တောမီးများ မရှို့စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုသည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရွှေကို(မိုင်းဖြတ်)







## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု (က) အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ကိုယ်စားပြုအသင်းတို့ ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲယှဉ်ပြိုင်နေမှုကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနအကြီးအကဲများ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက်ကြည့်ရှုအားပေးကြသည်။

အုပ်စု (က) အဖွင့်ပွဲစဉ်အဖြစ် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ကျန်အုပ်စုပွဲစဉ်များအဖြစ် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းသည် ဒီဇင်ဘာ ၄ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ ဒီဇင်ဘာ ၇ ရက်တွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ဒီဇင်ဘာ ၁၀ ရက်တွင် စွမ်းအင်ဝန်ကြီးဌာန အသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး၊ မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး

မောင်ပြည်သူ (မန္တလေး)

ကမ္ဘာ့လူဦးရေ၏ ဆယ်ပုံတစ်ပုံခန့်သည် မသန်စွမ်းသူများဖြစ်ကြသည်။ လူသားတိုင်းသည် မည်သည့်အသက်အရွယ်တွင်မဆို အကြောင်းအမျိုးမျိုးကြောင့် အချိန်တိုင်း၊ နေရာတိုင်းတွင် မသန်စွမ်းမှုဖြစ်နိုင်ကြသည်။ လူသားတိုင်း မသန်စွမ်းမှုဖြစ်နိုင်ကြောင်း သိရှိထားသင့်သည်။ မသန်စွမ်းသူများ၏ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားတိုင်းခံစားခွင့်ရှိသည့် လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရန်နှင့် မသန်စွမ်းသူများအရေးကို တစ်ကမ္ဘာလုံးက အလေးထားလာစေရန် ရည်ရွယ်၍ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်(၄၇/၃)အရ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကာ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှ စတင်၍ နှစ်စဉ်မပျက်ကျင်းပခဲ့သည်မှာ နှစ်(၃၀)တိုင်ရောက် ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် နှစ်စဉ်ဆောင်ပုဒ်များချပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် အတွက်ချပေးသော ဆောင်ပုဒ်မှာ "အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး၊ မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး" ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ဝင်ဖြစ်ကာ မသန်စွမ်းသူများပြန်လည်ထူထောင်ရေးနှင့်တန်းတူရည်တူအခွင့်အရေးရရှိရေး၊ ခွဲခြားဆက်ဆံမှုကင်းရေးအတွက် ခေတ်အဆက်ဆက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအပါအဝင် အာရှပစိဖိတ်နိုင်ငံများရှိ မသန်စွမ်းသူများအတွက် ပေါင်းစည်းသော၊ အတားအဆီးကင်းသော လူ့အခွင့်အရေးများကို အခြေခံသော လူ့အဖွဲ့အစည်းတစ်ရပ်သို့ ရှေးရှုသည့်ဘီဝါကို ထောင်စုနှစ်ရှေ့လုပ်ငန်းစဉ် (Biwako Millennium Framework for Action)များ ချမှတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်သေချာစေရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ယင်းနောက် ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေ (၂၀၁၇)တို့ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ မသန်စွမ်းသူများဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ၂၄ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစီးသော လုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေအဆင့်ကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့သည်။

အမျိုးသားကော်မတီနှင့်လုပ်ငန်းကော်မတီတို့ကို ကျန်းမာရေး၊ အလုပ်အကိုင်ရေးရာ၊ သုတေသန၊ စောင့်ကြည့်အကဲဖြတ်၊ မသန်စွမ်းအမျိုးသမီးများနှင့်ကလေးသူငယ်များရေးရာ၊ နည်းပညာနှင့် လက်လှမ်းမီရရှိနိုင်ရေး၊ သဘာဝဘေးနှင့်အခြားအရေးပေါ်အခြေအနေ၊ တရားမျှတမှုရပိုင်ခွင့်စသည့် ဆပ်ကော်မတီကိုးခုကို ဖွဲ့စည်းဆောင်ရွက်ပြီး လမ်းတံတားအဆောက်အအုံများတွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေး၊ အထောက်အကူပြုပစ္စည်းများရရှိစေရေး၊ သတင်းအချက်အလက်များရယူနိုင်ရေး၊ လွယ်ကူစွာ ခရီးသွားလာနိုင်ရေးနှင့်အခြားဝန်ဆောင်မှုများအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားကော်မတီအစည်းအဝေးများကိုလည်း ၂၀၁၇ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ကျင်းပနိုင်ခဲ့ပြီး ယင်းအစည်းအဝေးများက မသန်စွမ်းသူများ၏ ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးနှင့်ဥပဒေပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်အရင်းအမြစ်များကို ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများ၊ လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များချမှတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပြင် ဒေသတွင်းသဘောတူညီချက်များကိုလည်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် မသန်စွမ်းသူများအတွက် ခိုင်မာသည့်လုပ်ငန်းစဉ်တစ်ရပ်ကို ရေရှည်ဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာမဟာဗျူဟာ (၅)နှစ်စီမံကိန်း(၂၀၂၂-၂၀၂၇)အတည်ပြုပြဋ္ဌာန်းခြင်းနှင့် လုပ်ငန်းစီမံချက်များရေးဆွဲဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

မသန်စွမ်းသူများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းများမှာ လက်လှမ်းမီရရှိနိုင်မှုနည်းပါးလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်လျက် ရှိနေသဖြင့် မဟာဗျူဟာ (၅)နှစ် စီမံကိန်းရေးဆွဲရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၅တို့နှင့်အညီ ရေးဆွဲထားပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် အတည်ပြုဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သဖြင့် မသန်စွမ်းသူများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုက်အဝန်းအတွင်း အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးနှင့်လူ့ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်းသည် လုပ်ငန်းလမ်းညွှန်အဖြစ် တည်ရှိနေမည် ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် မြန်မာနိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ်များ အပြည့်အဝအသုံးချနိုင်ရေးသည် ပဓာနကျလှသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း မသန်စွမ်းသူများအရေးစီမံကိန်းများချမှတ်၍ နည်းလမ်းအသွယ်သွယ်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းအစီအစဉ်များတွင် မသန်စွမ်းသူများဘဝ စိုပြည်လှပအောင်ပြန်လည်ထူထောင်ရေး၊ သန်စွမ်းသူများနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေးကို ရှေးရှုသော အစီအစဉ်များဆောင်ရွက်လျက်ရှိသည်။

မသန်စွမ်းသူများ အခွင့်အရေးအပြည့်အဝရရှိစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့အတွက် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ မသန်စွမ်းသူများအတွက် တရားမျှတမှု၊ အခွင့်အရေးရရှိပိုင်ခွင့်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးစိတ်ဝင်စားအလေးပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံကလည်း မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးနေခြင်းသည် လူ့အခွင့်အရေးကို အလေးထားမှုရှိကြောင်း သိသာထင်ရှားစေသည်။

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာရန်ပုံငွေကျပ် ၃ဘီလီယံကို အရင်းမပျောက် မ,တည်ငွေအဖြစ် နိုင်ငံတော်မှ ခွင့်ပြုပေးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်စတွင် မသန်စွမ်းသူများနှင့်မသန်စွမ်းသူမိသားစုများအား အများနည်းတူ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ချေးငွေများကို သက်သာသောနှုန်းထားဖြင့် ထုတ်ချေးဆောင်ရွက်ပေးခဲ့သည်။ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မသန်စွမ်းသူများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ မသန်စွမ်းသူ ၃၉၂၆၈ ဦး အတွက် ထောက်ပံ့ငွေ ၁၂၁၂ ဒသမ ၂၂၅ သန်းကို မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ၊ အမှီခိုကင်းစွာ၊ ဘဝရပ်တည်နေထိုင်နိုင်ရေး ထောက်ပံ့ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိပြီး မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာ(၅)နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇)ကို မိတ်ဆက်ဖြန့်ချိပေးခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မသန်စွမ်းသူများရင်ဆိုင်ခံစားနေရသည့် အတွေ့အကြုံများအပေါ်မူတည်၍ မသန်စွမ်းသူများ အကျိုးဝင် ၂၀၃၀ အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တို့ကို ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တစ်ရပ်ချမှတ်နိုင်ရေးအတွက် ယူနီဆက်(မြန်မာ)၏ နည်းပညာပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ မသန်စွမ်းသူများ၏အသင်းအဖွဲ့များ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်(၁၀)မြို့နယ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ (၂၀၂၄)ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာတွင် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့သည်။ မသန်စွမ်းမှုအမျိုးအစား၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူ အရေအတွက်စသည့် မသန်စွမ်းသူများနှင့် ပတ်သက်၍ အချက်အလက်များ ရရှိဖော်ထုတ်နိုင်ခြင်းဖြင့် မသန်စွမ်းသူများအတွက် နိုင်ငံတော်၏မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုမည် ဖြစ်သည်။

လူတိုင်းအတွက် ပညာရေးကို အကောင်အထည်ဖော်လျက်ရှိသော ယနေ့ကာလတွင် မသန်စွမ်းကလေးများအတွက် ပညာသင်ယူမှု အထူးအစီအစဉ်များကို ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူတိုင်း အကျုံးဝင်ပညာရေးအစီအစဉ်ကြောင့် မျက်စိမမြင်သော၊ နားမကြားသော၊ ကိုယ်အင်္ဂါမသန်စွမ်းသောကလေးများသည် သန်စွမ်းသော ကလေးများနှင့်တန်းတူ အခြေခံပညာကျောင်းများတွင် စာပေပညာသင်ကြားလျက်ရှိသည်။ မသန်စွမ်း သင်တန်းကျောင်းများမှ နှစ်စဉ်တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ ပေါ်ထွက်ခဲ့သည်။

မျက်မှောက်ခေတ်တွင် မသန်စွမ်းမှုသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ကျန်းမာရေးနှင့် ဆိုင်သော ပြဿနာမဟုတ်တော့ဘဲ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သော လူမှုဖွံ့ဖြိုးရေးကိစ္စတစ်ရပ် ဖြစ်လာသည်။ မသန်စွမ်းသူများရင်ဆိုင်နေရသည့် အတားအဆီးပြဿနာတို့သည် ၎င်းတို့၏ ချို့ယွင်းအားနည်းချက်တစ်ခုတည်းကြောင့်မဟုတ်ဘဲ လူ့အဖွဲ့အစည်းအနေဖြင့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်တို့ကို နားလည်လက်ခံနိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်။ လူသားတိုင်း ခံစားခွင့်ရှိသည့် အခြေခံ လူ့အခွင့်အရေးများကို မသန်စွမ်းသူများတန်းတူညီမျှခံစားခွင့်ရရှိစေရန် ဥပဒေပြဋ္ဌာန်းထားပါသည်။ မသန်စွမ်းမှုအခြေအနေအလိုက် ပညာသင်ယူခွင့်ရရှိရန်နှင့် လက်လှမ်းမီသော လုပ်ငန်းခွင်အခင်းအကျင်းများ ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်းသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ အခြေခံမူ(၈)ချက်အပေါ်မူတည်၍ ရေးဆွဲထားပြီး ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများပါဝင်ရာ မသန်စွမ်းသူများ၏ အရည်အချင်းများ၊ စွမ်းဆောင်ရည်များ၊ အခွင့်အရေးများရှိခြင်းကို အသိအမှတ်ပြုပြီးဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရနှင့်မသန်စွမ်းသူများအား အထောက်အကူပြုစေမည်ဖြစ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးဖွံ့ဖြိုးမှုအသီးအပွင့်များကိုလည်း နိုင်ငံသားများ တန်းတူခံစားကြရမည်ဖြစ်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများအရေးလှုပ်ရှားဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ ရင်းနှီးချစ်ကြည်စွာ လက်တွဲဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မသန်စွမ်းသူများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန် လက်လှမ်းမီရယူအသုံးပြုနိုင်သော သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ မသန်စွမ်းသူများ၏သွားလာလှုပ်ရှားမှုကို မြှင့်တင်ပေးသည့် နည်းပညာများဖွံ့ဖြိုးရေးနှင့်အသုံးချနိုင်ရန် ဆောင်ရွက်ပေးရန်၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ အပန်းဖြေအနားယူနိုင်ရေး၊ ခရီးသွားလာနိုင်ရေး၊ ယဉ်ကျေးမှုနှင့်ဖျော်ဖြေရေး၊ အားကစားနှင့်ကိုယ်လက်လှုပ်ရှားမှုများ လုပ်ဆောင်နိုင်ရေးစသည့်ကဏ္ဍစုံတွင် မသန်စွမ်းသူများအနေဖြင့် အများနည်းတူ ပါဝင်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သည်။ မသန်စွမ်းသူများအတွက် အဟန့်အတားမရှိ သွားလာနိုင်မည့်အများသုံး သယ်ယူပို့ဆောင်ရေးစနစ်နှင့်အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ မသန်စွမ်းသူများဘဝဖွံ့ဖြိုးရေးအတွက်ရပ်ရွာအရောက် ရွေ့လျားစက်မှုသက်မွေးပညာသင်တန်းများဖွင့်လှစ်ပေးခြင်းသည် မသန်စွမ်းသူများအတွက် အမှန်အကျိုးရှိစေသည်။

ကမ္ဘာ့တစ်ဝန်းရှိ မသန်စွမ်းသူများဘဝမြင့်မားရေးကို ကရုဏာရှေ့ထားကူညီဆောင်ရွက်ပေးခြင်း၊ သာတူညီမျှဆက်ဆံ၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနည်းပညာ၊ အတတ်ပညာများ မျှဝေသင်ကြားပေးခြင်း၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များစတင်ယှဉ်ပြိုင်



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် နေပြည်တော်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



# အခွန်အတုပ် ရာနှုန်းပြည့်ကောက်ခံသွားမည်ဟု ဘရစ်ခ်စ်အုပ်စုဝင်နိုင်ငံများကို ထရမ့်ခြိမ်းခြောက်

**ဝါရှင်တန် ဒီဇင်ဘာ ၂**



အမေရိကန်ဒေါ်လာကို အစားထိုးမည့် ငွေကြေးဖန်တီးလျှင် အခွန်အတုပ် ရာနှုန်းပြည့် ကောက်ခံသွားမည်ဟု ဘရစ်ခ်စ် အုပ်စုဝင်နိုင်ငံများကို ဒေါ်နယ်လ် ထရမ့်က ဒီဇင်ဘာ ၁ ရက်တွင် ခြိမ်းခြောက်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တရုတ်၊ ရုရှား၊ ဘရာဇီး၊ အိန္ဒိယ၊ တောင်အာဖရိက၊ အီရန်၊ အီဂျစ်၊ အီသီယိုပီးယားနှင့် အာရပ်စော်ဘွားများ နိုင်ငံစုစုပေါင်း ကိုးနိုင်ငံဖြင့် ဖွဲ့စည်းတည်ထောင်ထားသော အဆိုပါအဖွဲ့အစည်းက နိုင်ငံတကာကုန်သွယ်ရေးနယ်ပယ်တွင် စိုးမိုးခြယ်လှယ်နေသော အမေရိကန်ဒေါ်လာ၏နေရာတွင် ဘုံငွေကြေးတစ်မျိုးဖန်တီးရန် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါငွေကြေးဖြင့် အမေရိကန်ဒေါ်လာကို ဆန့်ကျင်ကြမည်ဆိုလျှင် ယင်းအဖွဲ့အစည်းဝင်နိုင်ငံများကို အခွန်အတုပ်အများဆုံး ကောက်ခံခြင်းဖြင့် တုံ့ပြန်သွားရလိမ့်မည်ဟု ထရမ့်က လူမှုကွန်ရက်တွင်လည်း ရေးသားလွှင့်တင် သတိပေးခဲ့သည်။

စင်စစ်တွင်မူ ဘရစ်ခ်စ်အဖွဲ့ဝင်နိုင်ငံများအကြား ဘုံငွေကြေးဖန်တီးရန် ဆွေးနွေးခဲ့ကြသော်လည်း မလိုလားသောနိုင်ငံများ ရှိနေကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# ကူဝိတ်၌ကျင်းပသော ပင်လယ်ကွေ့ထိပ်သီးညီလာခံက ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး တောင်းဆို

**ကူဝိတ်စီးတီး ဒီဇင်ဘာ ၂**

ကူဝိတ်နိုင်ငံ၌ ဒီဇင်ဘာ ၁ ရက်တွင်ကျင်းပသော ပင်လယ်ကွေ့ထိပ်သီးညီလာခံက ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးအတွက် တစ်ခဲနက်တောင်းဆိုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပင်လယ်ကွေ့ ခြောက် နိုင်ငံမှ သမ္မတ၊ အိမ်ရှေ့မင်းသား၊ စော်ဘွားများနှင့် ဒုတိယဝန်ကြီးချုပ်တို့က ထိုညီလာခံအပြီး ပူးတွဲကြေညာချက်ထုတ်ပြန်ရာတွင် ထိုသို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

လက်ဘနွန်နိုင်ငံ၌ အစ္စရေးနှင့် ဟစ်ဇဘိုလာပြောက်ကျားများအကြား ယာယီအပစ်အခတ်ရပ်စဲမှုအစီအစဉ်ကိုလည်း ထိုညီလာခံက ကြိုဆိုထောက်ခံခဲ့ကြောင်း သိရသည်။ **Mon**

# သား ဟန်းတားဘိုင်ဒင် ပြစ်မှုကြီးနှစ်မှုမှလွတ်မြောက်ရန် ဂျိုးဘိုင်ဒင်က သမ္မတအာဏာဖြင့် လွတ်ငြိမ်းခွင့်ပေး

**ဝါရှင်တန် ဒီဇင်ဘာ ၂**

သား ဟန်းတားဘိုင်ဒင် ပြစ်မှုကြီးနှစ်မှုမှလွတ်မြောက်ရန်အတွက် ဂျိုးဘိုင်ဒင်က ဒီဇင်ဘာ ၂ ရက်တွင် သမ္မတအာဏာဖြင့် လွတ်ငြိမ်းခွင့်ပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဟန်းတားဘိုင်ဒင် သေနတ်သွားဝယ်ခဲ့စဉ်က ၎င်း မူးယစ်ဆေးစွဲနေခြင်းနှင့်ပတ်သက်၍ လိမ်ညာပြောဆိုခဲ့ကြောင်း ပြစ်မှုထင်ရှားရှိသဖြင့် ထောင်ဒဏ် ၂၅ နှစ်အထိ ကျခံရဖွယ်ရှိသော်လည်း တရားရုံးက ထောင်ဒဏ် ၁၆ လအထိ လျှော့ပေါ့ပေးမည်ဟု မျှော်လင့်ရသည်။

အခြားစွဲဆိုခံရသောအမှုမှာ အခွန်မှုဖြစ်ပြီး ထောင်ဒဏ် ၁၇ နှစ်အထိ ကျခံရနိုင်ခြေရှိသည်။

ယင်းနှစ်မှုစလုံးနှင့်သက်ဆိုင်သော ထောင်ဒဏ်အရပ်ရပ်မှ အလျဉ်းလွတ်မြောက်စေရန် ဖခင်က သားကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းသည် တရားမျှတမှုကိုအလွဲသုံးစားပြုလုပ်ခြင်းဖြစ်သည်ဟု ဒေါ်နယ်လ်ထရမ့်က ထောက်ပြဝေဖန်ခဲ့ကြောင်း သိရသည်။ **Mon**



# အနောက်ကမ်းခြေဒေသအတွင်း အစ္စရေးတိုက်ခိုက် ပါလက်စတိုင်းအရပ်သား ၄ ဦး သေဆုံးခဲ့ရသည်ဟု ဆို

**ဂျေရုဆလင် ဒီဇင်ဘာ ၂**

အသိမ်းပိုက်ခံ အနောက်ကမ်းခြေဒေသအတွင်းရှိ ဆာကျေးရွာကို အစ္စရေးတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁ ရက်ကတိုက်ခိုက်ရာ ပါလက်စတိုင်းအရပ်သား ၄ ဦး ထက်မနည်း သေဆုံးခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

နံနက်စောစောပိုင်းတွင် ဂျေနင်မြို့အနီးရှိ ဆာကျေးရွာတစ်ဝိုက်ကို အစ္စရေးလေယာဉ်များ ဗုံးကြဲပြီးနောက် နေ့လယ်ပိုင်းတွင် ခြေလျင်တပ်ဖွဲ့ဝင်များ ဝင်ရောက်လာကာ စစ်နယ်မြေအဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း ဒေသခံများက ထုတ်ဖော်ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်စ်တို့နှင့် တိုက်ပွဲစတင်ဖြစ်ပွားစဉ်ကတည်းက အနောက်ဘက်ကမ်းခြေဒေသရှိ ပါလက်စတိုင်းများကို လက်နက်အင်အားသုံးပြီး ထိန်းချုပ်ခဲ့သည်။

ယင်းကဲ့သို့ထိန်းချုပ်ရာမှ အစ္စရေးဘက်က ပစ်ခတ်တိုက်ခိုက်သဖြင့် သေဆုံးရသော ပါလက်စတိုင်း ၇၈၀ ဦးထက်မနည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။ **Mon**

# ဒိုင်ညစ်သည်ဟုဆိုကာ ရန်းရင်းဆန်ခတ်ဖြစ်ရာမှဂီနီနိုင်ငံ၌ ဘောလုံးပွဲကြည့်ပရိသတ် ၅၆ ဦး သေဆုံး

**ကိုနာကရီ ဒီဇင်ဘာ ၂**



ဒိုင်ညစ်သည်ဟုဆိုကာ ယမန်နေ့က ရန်းရင်းဆန်ခတ်ဖြစ်ရာမှ ဂီနီနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သော နဇရေကိုရေမြို့တွင် ဘောလုံးပွဲကြည့်ပရိသတ် ၅၆ ဦး သေဆုံးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလကအာဏာရခဲ့သည့် သမ္မတ မာမာဒီဒွမ်ဘိုယာကို ဂုဏ်ပြုသော အားဖြင့်ကျင်းပသော ဘောလုံးပွဲတွင် အဆိုပါရန်းရင်းဆန်ခတ်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဘောလုံးပွဲတွင် အိမ်ရှင်ဘောလုံးအသင်းဘက်မှ ဘက်လိုက်ကာ ပြိုင်ဖက်ဘောလုံးအသင်းဘက်မှ ဘောလုံးသမားနှစ်ဦးကို ထုတ်ပယ်ခြင်း၊ အိမ်ရှင်အသင်းကို ပင်နယ်တီကန်ခွင့်ပေးခြင်းစသော ဆုံးဖြတ်ချက်များချခဲ့သည့် ကွင်းလယ်ဒိုင်ကို ညစ်သည်ဟုဆိုကာ ခဲလုံးများဖြင့်ပစ်ပေါက်ရာမှ ထိုရန်းရင်းဆန်ခတ်မှု ဖြစ်ပွားခဲ့ရသည်။

ပွဲကြည့်ပရိသတ်ထောင်နှင့်ချီ၍ စုဝေးရောက်ရှိနေသော ဘောလုံးကွင်းထဲတွင် ရုတ်ရုတ်သဲသဲဖြစ်ပြီး လူပြိုလဲမှုလည်း ဖြစ်ပွားခဲ့ရာမှ လူအသေအပျောက်များခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



# ပင်လယ်လိပ်သားပေါင်း စားသုံးကြသူများ သုံးဦးသေဆုံး၊ ၃၂ ဦး အစာအဆိပ်သင့်ခဲ့ရ



**မနီလာ ဒီဇင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံ မာဂွင်ဒါနာအိုဒဲလ်နော်တေပြည်နယ်တစ်နေရာရှိ ပင်လယ်ကမ်းခြေမြို့တစ်မြို့၌ ယမန်နေ့က ပင်လယ်လိပ်သားပေါင်းစားသုံးကြသူ သုံးဦးသေဆုံးကာ ၃၂ ဦး အစာအဆိပ်သင့်ခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိပ်ရှိသောရေမှော်များကို စားထားသည့် ပင်လယ်လိပ်ကို ချက်စားမိရာမှ ထိုသို့အစာအဆိပ်သင့်ခြင်းဖြစ်ပြီး ထိုလိပ်သားစားမိသည့်ခွေး၊ ကြောင်နှင့် ကြက်များလည်း သေဆုံးခဲ့သည်။

ပင်လယ်လိပ်သားပေါင်းသည် ဖိလစ်ပိုင်နိုင်ငံတွင် လူကြိုက်များသော ဟင်းလျာတစ်ခုဖြစ်ကြောင်း သိရသည်။ **Mon**

**ဖွဲ့စည်းပုံအခြေခံဥပဒေ ဖောက်ဖျက်မှုကျူးလွန်သည်ဟု စွပ်စွဲနေသော ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေကို ပါလီမန်တွင် စစ်ဆေးရန် ကွေဇုံမြို့၌ ဒီဇင်ဘာ ၂ ရက်က လူပေါင်းရာနှင့်ချီစုဝေးပြီး တောင်းဆိုနေကြစဉ်။** **Mon**




**STOP AIDS**




## မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ Talk Show ပြုလုပ်

**ပျော်ဘွယ် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး ဆွေးနွေးပွဲ Talk Show ကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက လူထုအခြေပြု Community Centre တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးအရာရှိတို့က ပြည်သူများ မီးဘေးလုံခြုံရေးအတွက် နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရေး၊ လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းထားရေး၊ ထမင်းဟင်းချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များကို စနစ်တကျ ငြိမ်းသတ်ထားရှိရေး၊ မီးလောင်၊ မီးလန့်မှုဖြစ်ပေါ်လာပါက သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ပေးပါရန်နှင့် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ထုတ်ပြန်ထားရှိသည့် ကြေညာချက်များအား လိုက်နာကြရန် စသည့်အကြောင်းအရာတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၇)

၀-၀-၀-၀-၀

## ရွှေဘိုမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဈေးသည်သုံးဦးထံမှ ငွေကျပ်သိန်း ၃၀ သိမ်းဆည်းခြင်း၊ ဆိုင်ကယ်များကိုဖမ်းဆီးပြီး တစ်စီးလျှင် ငွေကျပ် သုံးသိန်းမှ အများဆုံး သိန်း ၂၀ ဖြင့် ပြန်ရွေးခိုင်းနေကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် သစ်ကြီးတောကျေးရွာမှ ဈေးသည် အမျိုးသမီးနှစ်ဦးနှင့် ပလိုင်းကျေးရွာမှ ဈေးသည် အမျိုးသမီးတစ်ဦးတို့သည် နိုဝင်ဘာ ၂၉ ရက်တွင် ရွှေဘိုမြို့ပေါ်သို့ ဈေးဝယ်ရန်အတွက် ဆိုင်ကယ်ဖြင့် လာရောက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုင်ကယ်လိုင်စင်မရှိ၍ ဈေးဝယ်ရန် ပါလာသည့် ငွေကျပ် သိန်း ၃၀ နှင့် ဆိုင်ကယ်များအား သိမ်းဆည်းသွားကြောင်း၊




ရွှေဘိုမြို့ပေါ်တွင် ဆိုင်ကယ်များကို ဖမ်းဆီးပြီး ငွေကျပ် သုံးသိန်းမှ သိန်း ၂၀ အထိပေး၍ ပြန်လည်ရွေးယူရကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေနေကြောင်း တွေ့ရသည်။

အဆိုပါ သတင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရွှေဘိုမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်ခိုအောင်းမှု မရှိစေရေးနှင့် ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်သွားလာနိုင်ရေးအတွက် လုံခြုံရေးစစ်ဆေးဆောင်ရွက်မှုများ ရှိသော်လည်း လုံခြုံရေးနှင့် မသက်ဆိုင်သည့် ကိစ္စများကို ဆောင်ရွက်ခြင်းမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင် လွဲမှားစေရန်၊ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် အကြမ်းဖက်သမားများ လွယ်ကူစွာဝင်ထွက် သွားလာနိုင်စေရန်အတွက် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်

**ဥတ္တရသီရိ ဒီဇင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၌ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ဇဝနသိဒ္ဓိရပ်ကွက်၊ ရွှေသဇင်ဈေးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်နှင့် ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းမင်းဦးတို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဈေးအတွင်းရှိ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးရောင်း၊ ဈေးဝယ်သူများအား တွေ့ဆုံပြီး မီးဘေးလုံခြုံရေးဆိုင်ရာစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေး အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ ၉လမ်းနှင့်၁၁လမ်းကြား၊ ၇၈လမ်းနှင့်၇၉လမ်းကြား၊ အကွက်(၃၆)ရှိ ဆရာစံဈေးတွင် နိုဝင်ဘာ ၃၀ ရက် နံနက် ၉နာရီခွဲက မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဇော်မျိုးထက်ဦးစီး၍ သနွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ် အရန်မီးသတ်တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး မြင့်ဇော်ဦးစီး၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဈေးတာဝန်ခံ ဦးရဲမင်းနှင့်ဈေးတာဝန်ရှိသူများ၊ ဝန်ထမ်းများ ပူးပေါင်း၍ မီးလောင်မှုလျော့ချစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် မီးသုံးစွဲသည့် ကိရိယာများဖြစ်သော မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လေ့ကားများ ဆောင်ရွက်ထားခြင်းရှိ၊မရှိ၊ မီးသတ်ဆေးဘူးများ အလွယ်တကူ အသုံးပြုနိုင်ရန် တပ်ဆင်ထားခြင်းရှိ၊မရှိ စစ်ဆေးခြင်း၊ ပတ်ဝန်းကျင် မီးဘေးအန္တရာယ်စိုးရိမ်ရမှုရှိ၊မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ကြပြီး လိုအပ်ချက်ရှိသည့် ဈေးဆိုင်ခန်းရှင်များအား မီးသတ်ဦးစီးမှူးက အသိပညာပေးခြင်းနှင့် အကြံပြုဆွေးနွေးခြင်းများပြုလျက် မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။




(ဝဲပုံ)(၀၇၀)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်ဂူ-နောင်ဝိုး သွားကားလမ်းတွင် ရာဇာဌေးဆိုသူ မောင်းနှင်ပြီး ဇော်မျိုးထွေးဆိုသူ လိုက်ပါလာသည့် AD Van မော်တော်ယာဉ်နှင့် ရဲမင်းသူဆိုသူ မောင်းနှင်လာသည့် AD Van မော်တော်ယာဉ်တို့ကို သတင်းအရ ရှာဖွေရာ အဆိုပါ ယာဉ် နှစ်စီးဖြင့် သယ်ဆောင်လာသည့် ခရီးဆောင်အိတ် ၁၄ အိတ်အတွင်းမှ ဘိန်းဖြူပါ ဆပ်ပြာခွက် ၂၆၃၅ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ်သိန်း ၁၉၀ တို့ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် အောင်ကျော်ဦး၊ ဝင်းဖြိုးအောင်၊ ဇင်ဖြိုးအောင်နှင့် မနွယ်နီလွင်တို့ ၄ ဦးအား နိုဝင်ဘာ ၂၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## သာစည်မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးပူးပေါင်းစစ်ဆေးရေးဂိတ်တွင် HappyWater အလေးချိန် ၀ ဒသမ ၁၈၅ ကီလိုဂရမ်၊ ကတ်(စ်)တမင်းအလေးချိန် ၁ ဒသမ ၈၅ ကီလိုဂရမ် ရောင်းချသုံးစွဲသူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁၂နာရီခွဲက X-Ray စက်တပ်ဖွဲ့စု(ကျွဲတပ်ဆုံ)မှ ရဲအုပ်သက်သက်အေးနှင့် တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် မူးယစ်ဆေးဝါးအထူးစစ်ဆင်ရေးဆောင်ရွက်နေစဉ် တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော Ex-press ခရီးသည်တင်ယာဉ်အား အသိသက်သေများဖြင့် ရပ်တန့်စစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာမှ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ရွှေရည်ကျော်၊ မေသကြိန်ဆိုသူတို့အား ကျောပိုးအိတ်အတွင်း အကြည်ရောင်ကပ်ခွာအိတ်ဖြင့် ထည့်လျက် ခဲစက္ကူ၊ တိပ်အကြည်ရောင်၊ ပလတ်စတစ်အိတ် အမည်းရောင်ဖြင့် ပတ်ထုပ်ထားသော ကတ်တမင်းဟု ယူဆရသည့် ဖြူဝါရောင်အမှုန့် အလေးချိန် ၉၀၀ ဂရမ်ပါ တစ်ထုပ်၊ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် Happy Water ဟုယူဆရသော ပန်းနုရောင်အမှုန့် အလေးချိန် ၂၀ဂရမ်ပါ တစ်ထုပ်၊ ဖန်ပုလင်းများဖြင့် ထည့်လျက် Happy Water ဟုယူဆရသော ပန်းနုရောင်အမှုန့်အလေးချိန် ၁၀ ဂရမ်ပါ လေးပုလင်းအား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ယာဉ်ဝမ်းဗိုက်အတွင်း ပစ္စည်းများထားရှိသည့် ဘောက်အတွင်းမှ ၄င်းတို့၏ ခရီးဆောင်အိတ်အတွင်း သို့ဝှက်လျက် ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်လျက် Happy Water ဟုယူဆရသောအဖြူရောင်အမှုန့် အလေးချိန် (၅)ဂရမ်စီပါ (၂၅) ထုပ်၊ နီညိုရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် ကတ်(စ်) တမင်းဟုယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၉၅၀ ဂရမ်ပါ တစ်ထုပ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများအား လက်ဝယ်ထားရှိသူ ရွှေရည်ကျော် (၂၈)နှစ်၊ မေသကြိန် (၃၂) နှစ်နှင့် မူးယစ်ဆေးဝါး လက်ခံမည့်သူများအား သာစည်မြို့နယ်ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၀၅၇)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၄)

၁။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၈၀၀၀ ကျော်ရှိသည့်အနက် သန်းပေါင်း ၁၀၀၀ ကျော်သည် မသန်စွမ်းသူစာရင်းတွင် ပါဝင်နေပါသည်။ ထိုမျှသော မသန်စွမ်းသူများ၏အခန်းကဏ္ဍကို ပိုမိုသိရှိနားလည်စေရေးနှင့် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အခြေခံမူများကို ၁၉၉၂ ခုနှစ် (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) ဖြင့် အတည်ပြုချမှတ်ခဲ့ပြီး နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုကာကွယ်ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities-CRPD)ကို ချမှတ်အတည်ပြုပေးခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်က ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း ထိုသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုထားပါသည်။ ထို့အပြင် နိုင်ငံတော်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုပြည့်ဝစွာ ရရှိခံစားနိုင်စေရန်နှင့် ပိုမို၍ကြည့်ရှုစောင့်ရှောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးနည်းဥပဒေကို ထုတ်ပြန်ပေးခဲ့ပါသည်။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ရေးဆွဲဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် မသန်စွမ်းသူအရေးအတွက် မြင့်တက်လာသည်နှင့်အမျှ မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်နေသဘောထားများကို ပြုပြင်ပြောင်းလဲလျက် ရုပ်ဝတ္ထုအတားအဆီးများကို လျှော့ချပေးခြင်းဖြင့် မသန်စွမ်းသူများသည် ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိကာ အခြားသူများနည်းတူ အမှီအခိုကင်းစွာ ဘဝဖွံ့ဖြိုးတိုးတက်ရှင်သန်နိုင်မည်ဖြစ်ပါသည်။ ယခုနှစ်တွင်လည်း ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်အဖြစ် **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး" "Amplifying the leadership of persons with disabilities for an inclusive and sustainable future"** ဟူ၍ ချမှတ်ထားပါသည်။

၄။ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ၂၀၃၀ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏အခန်းကဏ္ဍကို အထူးအလေးပေးဖော်ပြထားသည့်အလျောက် ယခုနှစ်ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများဦးဆောင်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လာနိုင်ရေး အားပေးဖော်ဆောင်ကြပါရန် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် (၃၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အား ဂုဏ်ပြုလျက် တိုက်တွန်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

# နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံတကာ ပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့်စိစစ်အတည်ပြုရေးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာ ပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ (၂၀၂၅)ကို ဆရာအတတ်ပညာရေး (Research on Teacher Education)၊ ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ အသုံးချသုတေသန (Applied Research on Arts and Science)၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံ (Research on Sustainable Scientific Collaboration of Ocean and Earth Sciences)၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (Research on MSMEs and TVET) နှင့် ဘာသာစကား အရင်းအမြစ်နှင့် ဉာဏ်ရည်တုနည်းပညာ (Research on Natural Language Processing-NLP and AI Technology) ကဏ္ဍငါးခု၌ နိုင်ငံတကာမိတ်ဖက်များနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကျင်းပသွားမည်ဖြစ်ကြောင်း၊ သုတေသနညီလာခံ၏ ဦးတည်ချက် (Theme)ကို "ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်ကိုညွှန်ပြခြင်း" (Navigating the future: Education, Science, and Technology for Brighter and More Prosperous Societies)ဟု ချမှတ်ထားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့်စာတမ်းများကို ရွေးချယ်ဖတ်ကြားခွင့်ပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များက Keynote Address နှင့် Special Talk ပြောကြားခြင်းကဏ္ဍများ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာသော ဆရာကြီး ဆရာမကြီးများအနေဖြင့် တင်သွင်းလာသည့် စာတမ်းများအပေါ် မိမိတို့အတွေ့အကြုံများ၊ သတ်မှတ်ထားသောစံနှုန်းများဖြင့် စဉ်းစားရွေးချယ်ပေးကြစေလိုကြောင်း၊ ယခုညီလာခံသည် နိုင်ငံတကာအဆင့် ညီလာခံဖြစ်သည့်အတွက် အောင်မြင်စွာကျင်းပနိုင်ရေး တက်ရောက်လာသူများအားလုံးက ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စာတမ်းဦးတည်ချက်အုပ်စုအလိုက် အရည်အသွေးရှိ စာတမ်းများစိစစ်အတည်ပြုရေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို ရှင်းလင်းမှာကြားပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမိုးလွင်က လက်ခံရရှိထားသောစာတမ်းများကို အမျိုးအစားနှင့် ဘာသာရပ်နယ်ပယ်အလိုက် တင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ဆရာကြီးဆရာမကြီးများက အုပ်စုခွဲ၍ စာတမ်းတစ်ခုချင်းအပေါ်တွင် ဆွေးနွေးသုံးသပ်ကာ နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများလေ့ကျင့်နေမှု ကြည့်ရှုအားပေး



နေပြည်တော် ဒီဇင်ဘာ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဒုတိယဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာန ကိုယ်စားပြု အားကစား အသင်းများ၏ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးရုံအတွင်း လေ့ကျင့်နေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်း၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) အသင်း၊ ဖူဆယ်အသင်းနှင့် ဘောလုံးအသင်းတို့၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝန်ကြီးဌာနကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ရိုးရိုးသားသား ကြိုးကြိုးစားစား ပါဝင်ယှဉ်ပြိုင်ကြရန်၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ကြရန်၊ ကျန်းမာရေးကောင်းမွန်မှု ရှိစေရေး စနစ်တကျနေထိုင်စားသောက်ရန်၊ ယခင်နှစ်ကရရှိထားသည့် အောင်မြင်မှုကို ဆက်လက်ထိန်းထားနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနဂုဏ်၊ နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်ရေး အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားကာ အားကစားသမားများ၏ အင်အားဖြည့်အစားအစာအတွက် ချီးမြှင့်ငွေ ပေးအပ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအနေဖြင့် ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ပြေးခုန်ပစ်အားကစား နည်းငါးမျိုးကို အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၉၉ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ဖိုဖာနာ ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ထိုးနက်ချက်တစ်ရပ်ဖြစ်လာ

**လန်ဒန် ဒီဇင်ဘာ ၂**

ချဲလ်ဆီးအသင်း နောက်ခံကစားသမား ဖိုဖာနာ တံကောက်ကြောဒဏ်ရာ ရရှိခဲ့မှုကြောင့် အသင်းအတွက် ကြီးမားသည့် ထိုးနက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက ဗီလာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဖိုဖာနာသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂ပွဲကစားကာ ၂ဂိုးသွင်းယူထားသည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၃ပွဲကစားအပြီးတွင် ရမှတ် ၂၅မှတ်ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်ကာ ရလဒ်များ ကောင်းမွန်ခဲ့သည်။

(အောက်ပုံ)

(NGB)



## ဟယ်ရီကိန်း တံကောက်ကြောဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ



**လန်ဒန် ဒီဇင်ဘာ ၂**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း တံကောက်ကြောဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ပွဲကစားပြီး ၆၄ဂိုးထိ သွင်းယူထားသည်။

(အပေါ်ပုံ)

(NGB)

## ဒီလပ်အား ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်

**တူရင် ဒီဇင်ဘာ ၂**

ဂျူဗင်တပ်အသင်းသည် အစ်ဆွစ်ချ်အသင်း တိုက်စစ်မှူး ဒီလပ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် အစ်ဆွစ်ချ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၃ပွဲ ကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

အစ်ဆွစ်ချ်အသင်းကလည်း ဒီလပ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါကမည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အစ်ဆွစ်ချ်အသင်းထံမှ ဒီလပ်အား ခေါ်ယူသွားနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## ဘောလုံးသတင်း အတိုအထွာများ

* ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် လီဗာပူးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် လူးဝစ်ဒီယက်ဇ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* အဲဗာတန်အသင်းသည် အသင်းကစားသမား ဒိုနီနစ်ကယ်လ်ဗက်လီဝင်အား လာမည့် ဆောင်းရာသီဈေးကွက်တွင် ရောင်းချသွားမည်မဟုတ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုအား ဆွတ်ခူးရန် လီဗာပူးအသင်း ရေပန်းစား

**လီဗာပူး ဒီဇင်ဘာ ၂**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုအား ဆွတ်ခူးရန် လီဗာပူးအသင်းက ရေပန်းစားဆုံးဖြစ်လာခဲ့သည်။

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ၁၃အဖြစ် မန်ချက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ၃၄ မှတ်ဖြင့် အဆင့်(၁) နေရာတွင် ရပ်တည်ကာ အဆင့်(၂)နေရာမှ အာဆင်နယ်အသင်းအား ၉မှတ် ထိဖြတ်ထားနိုင်ခဲ့မှုကြောင့် ယခုလို ရေပန်းစားဆုံးဖြစ်လာခဲ့ခြင်း ဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြ အာနီဆလော့လက်ထက်တွင် ရလဒ်ကောင်းများစွာ ရယူထားနိုင်ခဲ့သည်။



ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကြီးအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ပရီးမီးယားလိဂ်ပြိုင်ပွဲတစ်လျှောက် ပင်နယ်တီသွင်းဂိုး (၃)ဂိုးဖြင့် ဟက်ထရစ်ရရှိသည့် ကစားသမားအဖြစ် ယပ်စတန်ကလွိုင်ဗက် မှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၂**

ဘုန်းမောက်အသင်းတိုက်စစ်မှူး ယပ်စတန်ကလွိုင်ဗက်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ပင်နယ်တီသွင်းဂိုး(၃)ဂိုးဖြင့် ဟက်ထရစ်ရယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဘုန်းမောက်အသင်းက ဝုဖ်အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် ပင်နယ်တီသွင်းဂိုး ၃ ဂိုးစလုံး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။



တိုက်စစ်မှူး ယပ်စတန်ကလွိုင်ဗက်သည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ယပ်စတန်ကလွိုင်ဗက်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (ဝဲပုံ)

(NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၁၂-၂၀၂၄ | (၁၉)အစ်ဆွစ်ချ် - ပဲလေ့စ်(၁၇) | အစ်ဆွစ်ချ်၃-၀ပဲလေ့စ် | အစ်ဆွစ်ချ်(အိမ်) | ၆ | - | ၄ | ၂ | ၅ | ၉ |
| နံနက်၀၂:၀၀နာရီ | (L,D,W,D,L) (W,D,L,D,D) | ပဲလေ့စ်၅-၀အစ်ဆွစ်ချ် | ပဲလေ့စ်(ဧည့်) | ၆ | - | ၃ | ၃ | ၇ | ၁၀ |
| ၄-၁၂-၂၀၂၄ | (၁၆)လက်စတာ - ဝက်စ်ဟမ်း(၁၄) | လက်စတာ ၂-၁ ဝက်စ်ဟမ်း | လက်စတာ(အိမ်) | ၆ | ၁ | ၂ | ၃ | ၆ | ၉ |
| နံနက်၀၂:၄၅နာရီ | (L,D,L,L,L) (W,L,D,W,L) | ဝက်စ်ဟမ်း ၀-၂ လက်စတာ | ဝက်စ်ဟမ်း(ဧည့်) | ၆ | ၂ | ၂ | ၂ | ၇ | ၉ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၁၂-၂၀၂၄ | (၆)မာယော့ကာ - ဘာစီလိုနာ(၁) | မာယော့ကာ ၂-၂ ဘာစီလိုနာ | မာယော့ကာ(အိမ်) | ၈ | ၃ | ၃ | ၂ | ၆ | ၅ |
| နံနက်၀၀:၃၀နာရီ | (D,L,L,W,W) (W,W,L,D,L) | ဘာစီလိုနာ ၁-၀ မာယော့ကာ | ဘာစီလိုနာ(ဧည့်) | ၉ | ၆ | ၁ | ၂ | ၂၄ | ၁၀ |

### ဂျာမန် ပိုကယ်ဖလား ဘောလုံးပြိုင်ပွဲ (၁၆-သင်း အဆင့်) ပွဲစဉ်ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲ၌ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃-၁၂-၂၀၂၄ | ဘီလီဖီးလ် - ဖရိုင်းဘတ် | ဘီလီဖီးလ် ၀-၀ ဖရိုင်းဘတ် | ဘီလီဖီးလ်(အိမ်) | ၈ | ၃ | ၃ | ၂ | ၁၀ | ၈ |
| ညဝ၁း၃၀နာရီ | (လီဂါ III-၃) (ဘွန်ဒက်လီဂါ-၆) | ဖရိုင်းဘတ် ၂-၂ ဘီလီဖီးလ် | ဖရိုင်းဘတ်(ဧည့်) | ၆ | ၂ | ၁ | ၃ | ၅ | ၉ |
| ။ | ရိုဂင်စ်ဘတ် - စတုဂတ် | ရိုဂင်စ်ဘတ် ၂-၃ စတုဂတ် | ရိုဂင်စ်ဘတ်(အိမ်) | ၇ | ၂ | ၁ | ၄ | ၂ | ၁၁ |
| | (လီဂါ II-၁၈) (ဘွန်ဒက်လီဂါ-၉) | စတုဂတ် ၂-၀ ရိုဂင်စ်ဘတ် | စတုဂတ်(ဧည့်) | ၆ | ၁ | ၃ | ၂ | ၈ | ၁၂ |
| ၄-၁၂-၂၀၂၄ | ဘိုင်ယန်မြူးနစ် - လေဗာကူဆင် | ဘိုင်ယန်မြူးနစ် ၁-၁ လေဗာကူဆင် | ဘိုင်ယန်မြူးနစ်(အိမ်) | ၅ | ၄ | ၁ | - | ၁၃ | ၁ |
| နံနက်၀၂:၁၅နာရီ | (ဘွန်ဒက်လီဂါ-၁) (ဘွန်ဒက်လီဂါ-၃) | (၂၈-၉-၂၀၂၄ ဘွန်ဒက်လီဂါ) | လေဗာကူဆင်(ဧည့်) | ၆ | ၃ | ၃ | - | ၁၃ | ၈ |
| ။ | ဝါဒါဘရီမင် - ဒမ်းစတက်ချ် | ဝါဒါဘရီမင် ၁-၁ ဒမ်းစတက်ချ် | ဝါဒါဘရီမင်(အိမ်) | ၆ | ၁ | ၃ | ၂ | ၆ | ၁၁ |
| | (ဘွန်ဒက်လီဂါ-၁၂) (လီဂါ II-၁၁) | ဒမ်းစတက်ချ် ၄-၂ ဝါဒါဘရီမင် | ဒမ်းစတက်ချ်(ဧည့်) | ၆ | ၃ | ၁ | ၂ | ၁၆ | ၁၅ |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ (၁၆-သင်း အဆင့်) ပွဲစဉ်ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲ၌ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၁၂-၂၀၂၄ | ဘိုလော့ညာ - မွန်ဇာ | ဘိုလော့ညာ ၁-၂ မွန်ဇာ | ဘိုလော့ညာ(အိမ်) | ၆ | ၂ | ၄ | - | ၇ | ၃ |
| နံနက်၀၀း၀၀နာရီ | (စီးရီးအေ-၈) (စီးရီးအေ-၁၉) | (၂၂-၉-၂၀၂၄ စီးရီးအေ) | မွန်ဇာ(ဧည့်) | ၇ | ၁ | ၄ | ၂ | ၇ | ၈ |
| ၄-၁၂-၂၀၂၄ | အေစီမီလန် - ဆက်ဆူအိုလို | အေစီမီလန် ၁-၀ ဆက်ဆူအိုလို | အေစီမီလန်(အိမ်) | ၇ | ၄ | ၂ | ၁ | ၁၃ | ၄ |
| နံနက်၀၂:၃၀နာရီ | (စီးရီးအေ-၇) (စီးရီးအေ-၁) | ဆက်ဆူအိုလို ၂-၅ အေစီမီလန် | ဆက်ဆူအိုလို(ဧည့်) | ၈ | ၅ | ၃ | - | ၁၅ | ၆ |

# ရွာပင်ကျေးရွာတွင် စမ်းဝတီသဘာဝမြေဩဇာနှင့် ကွန်ပေါင်းမြေဩဇာသုံးစွဲနည်း အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ရွာပင်ကျေးရွာတွင် တောင်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး စမ်းဝတီသဘာဝမြေဩဇာနှင့် ကွန်ပေါင်းမြေဩဇာသုံးစွဲနည်း အသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရွာလယ်ဓမ္မာရုံတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ထွန်းဦးက စမ်းဝတီမြေဩဇာတွင် စိုက်ပျိုးမြေဆီလွှာအတွက် လိုအပ်သော ဂျပ်ပဆမ်ကျောက်၊ လင်းနို့ချေး၊ တီကျစ်မြေဩဇာ၊ အရိုးမြေဩဇာနှင့် နွားချေး၊ ကြက်ချေး စသည့် တိရစ္ဆာန်များ၏ ဆွေးမြေ့ပစ္စည်းများနှင့် အပင်ဆွေးမြေ့ပစ္စည်းများဖြင့် စနစ်တကျ ပေါင်းစပ်ထုတ်လုပ်ထားပြီး မြေဆီလွှာများကို သီးနှံသက်တမ်းတစ်လျှောက် လိုအပ်သည့် အာဟာရဓာတ်များကို ပုံမှန်ထုတ်လုပ်ပေးနိုင်သော သဘာဝမြေဩဇာတစ်မျိုးဖြစ်ကြောင်းနှင့် မြေဩဇာအာနိသင် ထက်သန်ကောင်းမွန်စေရန်အတွက် အဏုဇီဝပိုးများ(EM) ကို ထည့်သွင်းအသုံးပြုထားသော ကြောင့် မြေကို ကောင်းမွန်စွာ ပြုပြင်နိုင်ပြီး ရေရှည်တည်တံ့သောစိုက်ပျိုးရေးအတွက် အကျိုးပြုစေရန် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး စမ်းဝတီမြေဩဇာများ မဲဖောက်ပေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။



စမ်းဝတီမြေဩဇာသည် စိုက်ပျိုးသီးနှံတစ်ပင်ချင်းမှ လိုအပ်သော အာဟာရဓာတ်များကို မျှတစွာရရှိသောကြောင့် အပင်များလျင်မြန်စွာအားပြည့်စေခြင်း၊ ဓာတ်ပြိုကွဲဆုံးရှုံးမှုမရှိခြင်း၊ မြေဆီလွှာတွင်ပါဝင်သော N,P,K, S.. Organic Matter နှင့် အခြားဓာတ်ပေါင်းများမှာ သီးနှံသက်တမ်းတစ်လျှောက် အာဟာရဖြည့်တင်းပြီးသည့်တိုင် နောက်သီးနှံများအတွက်ပါ ကောင်းမွန်ခြင်း၊ သဘာဝပစ္စည်းများဖြင့် ပြုလုပ်ထားသည့်အတွက် သုံးစွဲသည့် တောင်သူများအနေဖြင့် မြေဩဇာသုံးစွဲခြင်းအန္တရာယ်မှ ရာနှုန်းပြည့်ကင်းဝေးစေပြီး သီးနှံပင်များ ပိုမိုဖွံ့ဖြိုး၍ အထွက်တိုးစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၈၅)

# ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်းကုလားပဲသီးနံ ဧက ၁၀၀ အကောင်အထည်ဖော် စိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်း ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်းကုလားပဲသီးနှံ ဧက ၁၀၀ အကောင်အထည်ဖော် စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပွင့်ဖြူမြို့၊ သက်တော်ရှည်ရပ်ကွက်ရှိ မြို့နယ်တောင်သူ အကျိုးဆောင်အသင်းရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA) ဥက္ကဋ္ဌဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အရည်အသွေးကောင်းသော သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်အတွင်း GGG ကုမ္ပဏီနှင့် ဒေသခံတောင်သူများ အကျိုးတူပူးပေါင်းပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် ကုလားပဲသီးနှံ ဧက ၁၀၀ အကောင်အထည်ဖော် စိုက်ပျိုးမည့် လုပ်ငန်းအစီအစဉ်များ၊ သီးနှံစိုက်ပျိုးရာတွင် ထုတ်လုပ်သူရော စားသုံးသူပါ အစားအစာ ဘေးကင်းလုံခြုံသော သီးနှံများထွက်ရှိရေး ဆောင်ရွက်မည့် လုပ်ငန်းများ၊ တောင်သူများ စုပေါင်း၍ လိုအပ်သော မြေဩဇာများကို ပြည့်လျှံသဘာဝမြေဩဇာ ထုတ်လုပ်ရေးကုမ္ပဏီ၊ (Collective Buying) ကုမ္ပဏီတို့နှင့် ချိတ်ဆက်ကာ ဝယ်ယူနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက အရည်အသွေးကောင်းမွန်သော သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်းကုလားပဲသီးနှံ ဧက ၁၀၀ အကောင်အထည်ဖော် စိုက်ပျိုးမည့်အခြေအနေများနှင့် ရရှိမည့်အကျိုးခံစားခွင့်များ၊ မြေဩဇာနှင့်သွင်းအားစုပစ္စည်းများ ဝယ်ယူနိုင်မည့်အခြေအနေများကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်းကုလားပဲသီးနှံစိုက်ပျိုးလိုသည့် တောင်သူများစာရင်းကို အတည်ပြုရွေးချယ်ခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်းသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)၏ ပံ့ပိုးကူညီမှုဖြင့် ဒေသခံတောင်သူ ၁၄ ဦး အဖွဲ့က GGG ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းပြီး ဆောင်းကုလားပဲသီးနှံ ဧက ၁၀၀ ကို အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ၊ ဆုများချီးမြှင့်

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အကြိုစွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁ ရက်နှင့်၂ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်းရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ လူမှုဝန်ထမ်းဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူးနှင့်ပြန်လည်ထူထောင်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မသန်စွမ်းသင်တန်းကျောင်းများမှ ကျောင်းအုပ်နှင့်ဆရာ၊ ဆရာမများ၊ မသန်စွမ်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် မသန်စွမ်းဝှီးချဲတွန်းပြိုင်ပွဲ၊ မသန်စွမ်းသံလုံးပစ်၊ သံပြားပစ်နှင့်လှံတံပစ်ပြိုင်ပွဲ၊ မျက်မမြင်အလျားခုန်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ဂိုးစကိုးပြိုင်ပွဲများ ကျင်းပပေးပြီး ဆုရရှိသူများအား မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးအောင်ကျော်မိုး၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

၀-၀-၀-၀-၀-၀-၀

# အခြေခံပညာနှင့် စက်မှု စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် သားအိမ်ခေါင်းကင်ဆာနှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းအခမ်းအနား ကျင်းပ

**မြစ်သား ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ အခြေခံပညာနှင့် စက်မှု စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်းတွင် သားအိမ်ခေါင်းကင်ဆာနှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကိုက သားအိမ်ခေါင်းကင်ဆာ၊ ဆုံဆို့၊ မေးခိုင်ရောဂါနှင့်ပတ်သက်၍ ဖြစ်ပွားနိုင်သည့်လက္ခဏာ၊ ကြိုတင်ကာကွယ်နိုင်ရေး၊ ကာကွယ်ဆေးထိုးခြင်းအားဖြင့် အကျိုးကျေးဇူး သက်ရောက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြစ်သားမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှဝန်ထမ်းများက ကျောင်းသူလေးများကို သားအိမ်ခေါင်းကင်ဆာ၊ ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ ထိုသို့ ကာကွယ်ဆေးများ ထိုးနှံပေးရာသို့ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါဆေးထိုးနှံခြင်းအခမ်းအနားသို့ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးဘိုဘိုအောင်၊ မြစ်သားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်နှင့် ဆရာ၊ ဆရာမများ၊ ကာကွယ်ဆေးထိုးနှံသော ကျောင်းသူလေးများ စုစုပေါင်းအင်အား ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝါဝါမြင့်(မြစ်သား)



## သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကျန်းမာကြံ့ခိုင်လာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်ပေးနိုင်သည်။
၆။ အကြော၊ အချဉ်၊ အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်၊ စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန် မိနစ်(၃၀)ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေနိုင်သည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**စစ်ကိုင်း ဒီဇင်ဘာ ၂**

စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မြတ်ဇေယျာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မောင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအရ ဖွင့်လှစ်ခဲ့သည့် စက်ချုပ်နည်း ပညာအခြေခံနှင့် မွမ်းမံသင်တန်း၊ တန်ဖိုးမြှင့် စားသောက်ကုန် (Bakery)အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာ အခြေခံနှင့် မွမ်းမံသင်တန်းများ တက်ရောက်ခဲ့ကြသည့် သင်တန်းသူများအနက်မှ ထူးချွန်သည့် သင်တန်းသူ ငါးဦးစီအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများအား ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစု ဝင်ငွေတိုးရေး စီမံကိန်းအရ ထောက်ပံ့ပေးအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



## ဒီဇင်ဘာလှုထု အားကစားလှုပ်ရှားမှုအထိမ်းအမှတ် အေရိုးဗစ်အားကစားပြိုင်ပွဲ ကျင်းပ

**မိုင်းဆတ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်၊ အေရိုးဗစ်အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက စတင်၍ မိုင်းဆတ်မြို့၊ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မိုင်းဆတ်မြို့နယ်အတွင်းရှိ အ•ထ•က၊သဗ္ဗညု၊ ထ(ခွဲ)လ ၁၊ ထ(ခွဲ)လ-၂၊ အ•လ•က-ကျဒယ်နှင့် အ•လ• က- နားကောကျောင်းတို့မှ ကျောင်းသူလေးများကအသင်းတစ်သင်းလျှင် ၆ ဦးစီဖြင့် အသင်း(၇)သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

လူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားအသိ စိတ်ဓာတ်ပိုမိုသက်ဝင်ယုံကြည်လာခြင်းဖြင့် တစ်မျိုးသားလုံး၏ကာယဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေ၍ အားကစားကို စိတ်ပါဝင်စားသည့် ကျန်းမာကြံ့ခိုင်သော လူငယ်မောင်မယ်များပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကာ အေရိုးဗစ်အားကစားပြိုင်ပွဲအပါအဝင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ စသည့် အားကစားပြိုင်ပွဲများကို အောင်ဇေယျာဘက်စုံကစားကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမတို့တွင် နိုဝင်ဘာ ၂၃ ရက်မှ စတင်ကာ ဒီဇင်ဘာ ၄ ရက်အထိ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ၁၃၈၆ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂**

၁၃၈၆ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာရေးဆရာ၊ သတင်းစာဆရာကြီး မြိုင်-တင်လှိုင်နှင့် သူ၏ရေးဖော်ရေးဖက်များ ရေးသားသော 'ပါးစပ်ပြောသည့်စကား စကားပြောသည့် ပါးစပ်'စာအုပ်မိတ်ဆက်ပွဲကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၈လမ်း၊ ရန်ကုန်-မန္တလေးလမ်းနှင့် ရတနာပူရပြတိုက်လမ်းထောင့်ရှိ ရတနာပူရ မြန်မာ့အနုပညာဗိမာန်ရှိ စာနယ်ဇင်းအရောင်းဆိုင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မန္တလေး (၅)မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရေးဆရာ၊ သတင်းစာဆရာကြီး မြိုင်-တင်လှိုင်က အသက်(၈၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် နာမ်ရှိသော နိဗ္ဗာန်အပါအဝင် ဘာသာရေး၊ ဥပဒေ၊ သမိုင်း၊ ကဏ္ဍစုံဆောင်းပါး ၂၀ အား စုစည်း၍ စာအုပ်ထုတ်ဝေခဲ့မှုကို ပြောကြားခဲ့ပြီး မန္တလေး(၅)မြို့နယ်မှ စာရေးဆရာများ၊ သတင်းစာဆရာများက စာအုပ်နှင့်ပတ်သက်၍ မုဒိတာစကားများ ပြောကြားခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသော စာရေးဆရာများ၊ သတင်းစာဆရာများအားစာရေးသူမှ လက်မှတ်ရေးထိုး၍ အမှတ်တရစာအုပ်လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## ကဗျာရေးစပ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၂၄ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် ကဗျာရေးစပ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲမကျင်းပမီ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေ မြတ်သင်းကြိုင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါပြိုင်ပွဲများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ပြီး ပထမနေ့အဖြစ် ကဗျာရေးစပ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ပြိုင်ပွဲဝင်များအနေဖြင့် ကဗျာရေးစပ်ပြိုင်ပွဲတွင် ၄၀ ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ၃၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်နေမှုအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်း၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေ မြတ်သင်းကြိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဒီဇင်ဘာ ၁ ရက်တွင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(အောက်ပုံ)(၄၅၃)



## အထွက်တိုး(ရွှေနီပြောင်း)များ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာ

**မန္တလေး ဒီဇင်ဘာ ၂**

ဒီဇင်ဘာလဆန်းပိုင်း ဆောင်းရာသီကာလတွင် နယ်ပေါင်းစုံမှ စတင်ထွက်ရှိလာသည့် အထွက်တိုး(ရွှေနီပြောင်း)များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာကာ အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးကုန်သည်များထံမှ သိရသည်။

အဆိုပါ အထွက်တိုး(ရွှေနီပြောင်း)မှာ နံစားပြောင်းအုပ်စုတွင်ပါဝင်ပြီး ဆေးဝါးနှင့်အရက်ချက်လုပ်ရာတွင် အသုံးပြုသည့် သီးနှံတစ်ခုဖြစ်ခြင်းကြောင့် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ ဝယ်ယူမှုများပြားသည့်အပြင် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းကောင်းမွန်ကာ လက်ရှိဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ပေါက်ဈေးဖြင့် ရပ်တည်နေကာ ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။



လက်ရှိတွင် မန္တလေးဈေးကွက်အတွင်းသို့ အဆိုပါအထွက်တိုး (ရွှေနီပြောင်း)ကို ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်း၊ တောင်သာ၊ မြင်းခြံနှင့်မုံရွာ စသည့်ဒေသများမှ ဝင်ရောက်လျက်ရှိပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ပေါက်ဈေးဖြင့် အရောင်းသွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း၌ အဆိုပါအထွက်တိုး(ရွှေနီပြောင်း)ကို ဇွန်၊ ဇူလိုင်လများတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စတင်ထွက်ရှိကြောင်းနှင့်မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးသုံးစွဲရန် မလိုသည့်အတွက် စိုက်ပျိုးစရိတ်အသက်သာဆုံး နှံစားသီးနှံပင်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)(၀၇၃)

# သင်္ဘောချောင်းကို ဖြတ်ကူးထားသော ရှေးဟောင်းသစ်သားတံတားများ

**(၂၃-၁၁-၂၀၂၄)ရက် စာမျက်နှာ(၁၄)မှအဆက်**

**ရွှေမေတ္တာတံတား**

အောင်မြေမင်္ဂလာတံတားမှ တောင်ဘက် ၃၅ လမ်းကျော်သွားပြီးလျှင် ပဲပုပ်တန်းရပ်ကွက်တွင် သင်္ဘောချောင်းကို ဖြတ်ကူးထားသည့် ရွှေမေတ္တာတံတားကို တွေ့ရမည်။ ယနေ့အထိ သစ်သားတံတားအဖြစ်ရှိနေပြီး ပဲပုပ်တန်းရပ်ကွက်နှင့် စိန်ပန်းယဉ်ပုံရပ်ကွက်သို့ မဟာစည်ရိပ်သာဘေးမှ ဆက်သွယ်ထားသည်။ ဖြတ်လမ်းအနေဖြင့် စိန်ပန်းသို့သွားလာသူ များပြားသည့် တံတားလည်း ဖြစ်သည်။ မူလက တံတားအမည် သတ်သတ်မှတ်မှတ်မရှိဘဲ ပဲပုပ်တန်းတံတားဟု ခေါ်ဆိုခဲ့ကြသည်။

၂၀၀၃ ခုနှစ်က မစိုးရိမ်တိုက်သစ်၊ ပိဋကနယူပဒေသကျောင်း၊ စိန်ပန်းယဉ်ပုံ ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တကောဝိဒါဘိဝံသ ဦးဆောင်မ,တည်၍ အလှူရှင်များနှင့် စုပေါင်းကောင်းမှုအဖြစ် ပြင်ဆင်မွမ်းမံတည်ဆောက်ရာ ၁၀ ရက်ကြာခဲ့သည်။ တံတားအမည်ကို 'ရွှေမေတ္တာ'တံတားဟု အမည်ပေးထားသည်။ တံတားအရှည်ပေ ၇၀၀နှင့် အကျယ် ၇ ပေဟု တံတားအရှေ့ဘက်အဝင် ကမ္ပည်းကျောက်စာတွင် ဖော်ပြထားသော်လည်း မျက်မြင်အနေအထားအရ ချမ်းသာရတံတားနှင့် အလယ်ပေါင်တံတားထက် တံတားအရှည် လျော့နိုင်သည်ကို တွေ့ရသည်။

'စိန်ပန်းကတ္တူရပ်က ဦးနီတုတ်နဲ့ အဖေ ဦးလှမောင်က ဒီတံတားကြီးကို အမေ ၅ နှစ်ကျော်အရွယ်လောက်က ဆောက်ခဲ့တာ။ အသားသေတ္တာလေးမှာ အပေါက်ဖောက်၊ သော့ခတ်ပြီး လမ်းသွားလမ်းလာတွေ လှူချင်သလောက် လှူဖို့ချထားတာပေါ့။ အဲဒီလိုနဲ့ တံတားကြီးဖြစ်လာတယ်။ အဖေ့မှာ လှေတစ်စင်းရှိတယ်။ စိန်ပန်းကို သွားချင်ရင် အဖေက လှေနဲ့ လိုက်ပို့တော့ ၁၀ ပြားပေးတယ်။ မယူလည်း ဖွတ်ပေးတယ်။ လှေနဲ့ကူးနေရတာကြောင့် တံတားရှိသင့်တယ်ဆိုပြီး စခဲ့ကြတယ်'ဟု အသက် ၇၆ နှစ်အရွယ်ရှိပြီဖြစ်သော ဒေါ်မြကျင်က ပြောသည်။

ထိုအချိန်က သင်္ဘောချောင်း ရေခမ်းချိန်တွင် ချောင်းအခြေမှ ကူးဖြတ်သွားလာခဲ့ကြသည်။ မန္တလေးမြို့ လူဦးရေထူထပ်များပြားလာရာက စွန့်ပစ်ရေများ အမြဲတစေ ဝင်ရောက်လာသောကြောင့် ရေခမ်းချိန်မရှိဟု ဆိုသည်။ မျက်မှောက်ကာလတွင် ထိုတံတားပေါ်မှ စက်ဘီး၊ ဆိုင်ကယ်များ မောင်းနှင်ဖြတ်သန်းကြသဖြင့် တံတားကြီးအချိန်တိုတိုနှင့် ပျက်စီးသွားနိုင်ဖွယ်ရှိသည်။

**နိဗ္ဗာန်ဆိပ်ဦး တံတား**

နိဗ္ဗာန်ဆိပ်ဦးတံတားမှာ ဒုတိယရွှေအင်ပင်နှင့် မစိုးရိမ်တိုက်သစ်အနီးတွင် ရှိသည်။ စိန်ပန်း(သပြုူး)ရပ်နှင့် ဒုတိယရွှေအင်ပင်ကျောင်းဘက်မှ ၈၉လမ်းနှင့် ဆက်သွယ်ထားသည်။ သင်္ဘောချောင်းဖြတ်တံတားများအနက် အတိုဆုံးသစ်သားတံတားဖြစ်သည်။ တံတားအရှည်မှာ ပေ ၇၀ ခန့်ရှိပြီး ပြင်ဆင်သူမရှိသော အမေ့ခံတံတားဟု ဆိုရမည်။ ထိုတံတားဖြစ်ပေါ်လာပုံက ထူးဆန်းသည်။ ဒုတိယရွှေအင်ပင်ကျောင်းတိုက်မှ ပထမဆရာတော်ကြီးပျံလွန်တော်မူသဖြင့် လချီ၍ ပူဇော်ပွဲပြုလုပ်ရာ သင်္ဘောချောင်းကိုဖြတ်၍ စိန်ပန်းရပ်ကွက်မှ လာရောက်ဖူးမြော်သူ လွန်စွာများပြားခဲ့သည်။ လာရောက်သူများက သင်္ဘောချောင်းကို လှေနှင့်ကူးဖြတ်ရသဖြင့် လှေသမားအား လှေကူးခ လျှော့နိုင်းရာက မလျှော့သောကြောင့် တံတားဖြစ်လာသည်ဟု ဆိုပါသည်။

'ဆရာတော်ကြီးရဲ့ အန္တိမစျာပနကို လာကြတော့ လှေကူးခက အသွားတစ်မတ်၊ အပြန် တစ်မတ်ပေးရတာကို ဆရာတော်တပည့် သစ်စက်ပိုင်ကတော်ကြီးက သိသွားတယ်။ လှေခကို သူပေးမှာပါ။ လှေကူးခလျှော့ပေးဖို့ ညှိတယ်။ လှေသမားက တင်းခံတယ်။ မင်းမလျှော့မပေးဘူးဆိုရင်



တော့ ငါတံတားဆောက်မယ်ဆိုပြီး သူ့သစ်စက်က သစ်သားတွေနဲ့ ချက်ချင်း ဆောက်တာပဲ။ အဝင်မုခ်မှာ လူသွားအုတ်လမ်းပေါင်နဲ့ မုခ်ဦးအုတ်ရိုးက ခုချိန်ထိရှိသေးတယ်'ဟု အသက် ၉၃ နှစ်အရွယ် ဒေါ်ချစ်မေက ပြောသည်။

ဒေါ်ချစ်မေသည် ယင်းတံတားအနောက်ဘက်မုခ်အနီးတွင် ယနေ့တိုင် သက်ရှိထင်ရှားနေထိုင်လျက်ရှိပြီး ထိုတံတားတည်ဆောက်စဉ်လူသွားလမ်းနှင့် လိုအပ်သောမြေနေရာကို ပေးလှူခဲ့သည်။ တံတား၏တောင်ဘက် ကိုက် ၃၀ ခန့်တွင် စိန်ပန်းဘက်သို့ ကတ္တရာလမ်းခင်းထားသဖြင့် သွားလာရေးကောင်းမွန်ပြီဖြစ်၍ ဖြတ်သန်းသူ မရှိသလောက်တွေ့ရသည်။ နှစ်အားဖြင့် ခန့်မှန်းလျှင် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က တည်ဆောက်ခဲ့သည်ဟု ယူဆနိုင်ပြီး ဖြတ်သန်းသွားလာသူနည်းပါးသော်လည်း အလှူရှင်များက ပြင်ဆင်ထားသည်ကို တွေ့ခဲ့ရသည်။

**အခြားသော တံတားများ**

သင်္ဘောချောင်း(သို့မဟုတ်)သင်္ဘောအင်းသည် ၂၂ လမ်း ကမ်းနားတာရိုးဘက်မှ တောင်ဘက်သို့ရှည်လျား၍ တက်သေးအင်းထဲသို့ စီးဝင်ဖြတ်သန်းရာတစ်လျှောက်တွင် အခြားသော တံတားများလည်း ရှိနိုင်ပါဦးမည်။ ရှိပါကလည်း တံတားငယ်များဖြစ်ပြီး အရေအတွက်အားဖြင့် မရှိသလောက်နည်းပါးပါလိမ့်မည်။ ဆိုခဲ့ပြီးသော တံတားများသည် လူသိများထင်ရှားပြီး နိဗ္ဗာန်ဆိပ်ဦးတံတားမှလွဲ၍ ကျန်တံတားများသည် ယနေ့တိုင် အသုံးပြုသွားလာနေသည့် တံတားများ ဖြစ်သည်။

ရွှေမေတ္တာတံတားမှာ မူလအသားတံတားမှ ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ထားပြီး ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်သော်လည်း ကျန်သောတံတားများမှာ လူဖြတ်ကူးရန်နှင့် စက်ဘီးများစီးနင်းခြင်းမပြုဘဲ တွန်း၍ဖြတ်ကူးနိုင်အောင် တံတားခင်းတွင် အဆင့်များပြုလုပ်ထားသည်ကို တွေ့ရသည်။ သစ်သားတံတားများဖြစ်သည့်အလျောက် ရေရှည်ခိုင်မြဲအောင်ဆိုသော ရည်ရွယ်ချက်ဖြစ်သည်။ ထို့အပြင် သင်္ဘောချောင်းကို ဖြတ်၍ ဧရာဝတီမြစ်ကမ်းနားလမ်းသို့ ကူးဖြတ်ထားသော ၂၂ လမ်း၊ ၂၆ လမ်း၊ ၃၅ လမ်းနှင့် ၄၁ လမ်းတို့သည် လမ်းကြီးများဖြစ်၍ ၃ တန်နှင့် အထက်ယာဉ်များ ဖြတ်သန်းနိုင်အောင် သံကူကွန်ကရစ်ဖြင့် ခိုင်ခံ့စွာတည်ဆောက်ထားသည်။ ထိုတံတားများကို ထည့်သွင်းပါက တံတားပေါင်း ၈ စင်းဟု ဆိုနိုင်သည်။ တံတားဆောက်လျှင် အသက်ရှည်သည်ဆိုသော ကောင်းမှုကုသိုလ်အကျိုးရရှိသည့်အတွက် ထိန်းသိမ်းသူများနှင့် ပြင်ဆင်မွမ်းမံမှုများကြောင့် ရပ်ကွက်အတွင်းက လူကူးဖြတ်သည့် သစ်သားတံတားများသည် ယနေ့တိုင် ခိုင်ခံ့စွာ တည်ရှိနေပါ၏။

**ရေမြင်နှင့် ရာသီဥတု**

အပူပိုင်းဒေသတွင်ရှိသောကြောင့် မန္တလေးမြို့ပြရာသီဥတုကို ထိန်းသိမ်းစေမည့် ကျုံးရေပြင်သည်လည်းကောင်း၊ အနောက်ဘက်၌ ဧရာဝတီမြစ်နှင့်အတူ သင်္ဘောချောင်း(သင်္ဘောအင်း) အနောက်တောင်ဘက်တွင် တက်သေးအင်းနှင့် ကန်တော်ကြီးတို့သည်လည်းကောင်း တည်ရှိနေသည်။ အမရပူရမှ တောင်သမန်အင်း ရေပြင်သည်လည်း မန္တလေးမြို့ ရာသီဥတုကို အထိုက်အလျောက် ထိန်းပေးလေသည်။ ကျယ်ပြန့်သောရေပြင်များက ပူပြင်းချိန်တွင် အပူချိန်လျှော့ကျစေပြီး ဆောင်းကဲ့သို့ အေးသောရာသီတွင် အနွေးဓာတ်ကိုပေးစေသော သဘာဝက ပေးအပ်သည့် ဥတုရာသီထိန်းစက်များပင် ဖြစ်သည်။

မည်သို့ဆိုစေ မန္တလေးအနောက်ပြင်တွင် တစ်ချိန်က သင်္ဘောချောင်းကို ဖြတ်သန်းရန် လှေများနှင့် ကူးခတ်ရာက သွားလာမှုလွယ်ကူရေးအတွက် တံတားများ တည်ဆောက်ခဲ့ကြသည်။ တံတားဆောက်လျှင် အသက်ရှည်သည့် အကျိုးရရှိခံစားရမည်ဖြစ်၍ ချောင်းကိုမြင်လျှင် တံတားဆင်ကြခြင်းဖြင့် ကုသိုလ်ယူခဲ့ကြသည်ဟု ဆိုချင်ပါတော့သည်။





ခိုင်ဆက်ဝေ



# ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၂**

စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် ရရှိသည့် အတွေးအမြင် ဗဟုသုတများကို စာဖတ်သူအချင်းချင်း ဖလှယ်ဆွေးနွေးနိုင်ရန်အတွက် နေပြည်တော် စာရေးဆရာများနှင့် စာပေဝါသနာရှင်များက စာရေးဆရာသုတေသီ ဘုန်းမြင့်သွေး ရေးသားသည့် လူ့ဘဝ တိုးတက်ရာ တိုးတက်ကြောင်း စာအုပ်ဖြင့် ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဇမ္ဗူသီရိ မြို့နယ်ရုံး၊ ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာဖတ်ဝိုင်းကျင်းပခြင်းသည် အကျိုးကျေးဇူးများစွာရှိပါကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတပြည့်ဝစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားရရှိကာ စာဖတ်ရှိန်မြင့်မားပြီး အသိပညာ ဗဟုသုတများ အပြန်အလှန် ဖလှယ် ဆွေးနွေးနိုင်ရေးနှင့် စာပေမြတ်နိုးသူများအချင်းချင်း ချစ်ခင်စည်းလုံးမှု ပိုမိုရရှိစေရေးရည်ရွယ်ကာ စာဖတ်ဝိုင်းပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာ၊ ဆရာမများဖြစ်သော အိုင်ပီမျိုးအောင်၊ သဘာဝ၊ ရွှေပြည်စိုး (မိုးကုတ်)၊ မေချို(ပျဉ်းမနား)၊ မောင်သန်းညွန့်(မြစ်ခြေ)၊ ကိုလင်း (အညာမြေ)၊ လုံမငယ်(လူမှု)နှင့် စာပေဝါသနာရှင်များက စာရေးဆရာ သုတေသီ ဘုန်းမြင့်သွေး ရေးသားသည့် လူ့ဘဝတိုးတက်ရာ တိုးတက်ကြောင်း စာအုပ်အား ဖတ်ရှု၍ မိမိတို့၏ ရှုထောင့်အသီးသီးမှ ခံစားနားလည်မှုများကို ပြန်လည်ဆွေးနွေးခဲ့ပြီး သုံးသပ်ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် စာရေးသူ၏ ခံစားရေးသားခဲ့မှုများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*- *- *- *- *- *- *

# ကျွန်းလှမြို့နယ်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကလေးငယ်များကျန်းမာရေး ကောင်းမွန်ပြီး ရောဂါဘယကင်းဝေးစေရန်အတွက် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

"ကျွန်းလှမြို့နယ်မှာ အသက်(၂)နှစ်အောက် ကလေးငယ်များကို လစဉ် လဆန်း ၁ ရက်မှ စတင်ပြီး ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးလျက်ရှိတယ်။ မြို့ပေါ်ရပ်ကွက်များရှိ ကလေးငယ်များအား မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ ကျေးရွာများရှိ ကလေးငယ်များအား ကျန်းမာရေးဝန်ကြီးဌာန လမ်းညွှန်ချက်နှင့်အညီ ထိုးနှံတိုက်ကျွေးပေးပါတယ်"ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၀)



# လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ

**ကသာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်းကာ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန် ရည်ရွယ်၍ စာရေးဆရာ ရန်ကုန်ဘဆွေ ရေးသားသည့် "မြန်မာပြည်သား"စာအုပ်ဖြင့် စာဖတ်ဝိုင်းကို လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းပြုလုပ်ရာတွင် ကသာခရိုင်၊ ကသာမြို့ Book Club အဖွဲ့ဝင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘမောင်(ကိုဘကသာ)က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ ရန်ကုန်ဘဆွေ ရေးသားသည့် "မြန်မာပြည်သား" စာအုပ်တွင် ပါရှိသည့် အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းအိအိဖြိုးကလည်းကောင်း၊ Book Club အဖွဲ့ဝင် ဒေါ်ချိုချိုပြုံးမြင့်နှင့် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော စာပေချစ်မြတ်နိုးသူများက ဆောင်းပါးနှင့် ပတ်သက်၍ မိမိတို့၏ အတွေးအမြင်ရသများကို အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘမောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာတို့က စာပေချစ်သူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးရာတွင် လူတစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်ဖွင့်ဆိုမှုချင်း မတူညီကြသော်လည်း မြန်မာပြည်သားစာအုပ်အပေါ် သုံးသပ်ဆွေးနွေးကြခြင်းဖြင့် အသိအမြင်များတိုးတက်လာမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး အနာဂတ်ကို ပုံဖော်နိုင်မည်ဖြစ်ကြောင်းနှင့် မိမိတို့၏ လိုအပ်ချက်များကို သိရှိလာပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းတို့ကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့လေး

# မသန်ပေမယ့် စွမ်းနိုင်သူ

* မြန်မာနိုင်ငံ စာပေဆုများ
စာမျက်နှာ တစ်ရာနှစ်ဆယ့်ငါးမှာ
မဟာဆန်တဲ့ အလှနဲ့ ချိုမြတဲ့ ကရဏာရှင်
ဘသက်ရှည်နဲ့ "ပွင့်"ရဲ့ ဖန်ဆင်းရှင်
အမျိုးသားစာပေဆုရှင်အဖြစ် မြင်တွေ့ရ
စန္ဒာလိုဝင်းပ လင်းလှတဲ့ စာပေဂုဏ်
"မလေးလုံ"ရဲ့ အလှ ရှုမငြီး ကြည့်မဝ
နှလုံးလှအကြည်ဓာတ် "မလေး"မှာ ရစ်ပတ်ခြုံ
ဓာတ်ပုံမှာပင် အသက်ရှိ ကြည့်ပြီးရင်း ကြည့်နေချင်
"လုံမလေး" မဂ္ဂဇင်းကြီးရဲ့ မြတ်မိခင် ။

* ရွှေတစ်နေ့ ငွေတစ်နေ့
မလေးရဲ့ အသက်ကလေး ပိုးမွေးသလို မွေးခဲ့ရ
လက်ယာ လက်ကလေး လေဖြတ်သွားတော့
လက်ဝဲ လက်ကလေးနဲ့ လေ့ကျင့်ယူ
တွဲသူကူမှ ထူထနိုင်ပြား
အံ့ဖွယ်နှလုံးသား သံမဏိစိတ်ထားနဲ့
သူရေးဖွဲ့သွားတဲ့ ဝတ္ထုစာအုပ် (၃၃)အုပ်
အတ္ထုပတ္တိစာပေ
"ဘဖေမောင်တင်(သို့မဟုတ်)ဘသက်ရှည်"
လူမသန်ပေမယ့် စာပေနှလုံးသွေးနဲ့ ရှင်သန်မြဲ
မလေးရဲ့ စာပေဌဲ အသည်းမှာစွဲထင်
သူ့ရင်မှာ ကိုယ့်ရင်မှာ မလေးရဲ့စာ ရတနာ
ထာဝရ ရှင်သန်နေဆဲ ။

* လူမသန်သော်ငြား စာပေအဏ္ဏဝါကြားမှာ
အင်မတန် သန်စွမ်းခဲ့တဲ့ ကလောင်သွား
နှလုံးသားထဲမှာ စွဲငြိခဲ့ ။

* "မလေးလုံ"ရဲ့ "လုံမလေး" မဂ္ဂဇင်းကြီးမှာ
"မြန်မာ့အလှ" ဆိုတဲ့ ကိုယ့်ရဲ့ ကဗျာ
"လုံမလေး" ရင်ခွင်မှာ ဖွားမြင်
စာပေကျေးဇူးရှင်အား
ရင်မှာတသ လွမ်းပါရ
ရှင်သန်ခြင်း အနုပညာမှော်
သေလွန်သော်လည်း ရှင်သန်ဆဲ ။ ။

**ဒီဇင်ဘာ ၃ ရက်**

**(အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့သို့)**

ခင်ဆွေလှိုင်(ပန်းချီ)

## သတင်းပဒေသာ

### ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ အသက် ၃ နှစ်မှ ၅ နှစ် ရွေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ထို့နောက် သင်ခန်းစာများ သင်ကြားပို့ချမှုများစတင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက်တွင် ရှမ်းနှစ်သစ်ကူးပွဲကို ယမန်နေ့ ည ၇ နာရီက စတင်ကျင်းပသည်။

ရှမ်းနှစ်သစ်ကူး ၂၁၁၈ ခုနှစ်မှ ၂၁၁၉ ခုနှစ်သို့ ကူးပြောင်းသည့် အထိမ်းအမှတ် ယမန်နေ့ည ၇ နာရီမှစတင်၍ တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုဖျော်ဖြေကြပြီး ည ၁၀ နာရီတွင် ခေါ်ပုပ်ထောင်းပွဲ၊ ည ၁၂ နာရီ၌ နှစ်သစ်ကူးပြောင်းသည့်အချိန် မီးပုံးပျံငယ်များလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းအလှများ ပစ်ဖောက်ကြသည်။ ဆက်လက်၍ ယနေ့ နံနက် ၈ နာရီတွင် သံဃာတော်များ ပင့်ဖိတ်၍တရားနာယူခြင်း၊ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကန်တော့ခြင်းနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရံသင်တန်းဆင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန်အတွက် မြို့နယ်ကျေးလက်ဒေသဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရံသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၁ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မူကြိုကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ မူကြိုကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဆရာမကြီး ဒေါ်နန်းပင်းတစ်ပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မူကြိုသားငယ်၊ သမီးငယ်လေးများက တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ကဗျာရွတ်ဆို၍ ယှဉ်ပြိုင်ကြရာ ဆုရရှိသော သားငယ်၊ သမီးငယ်လေးများအား တာဝန်ရှိသူအသီးသီးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်း ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သဘာဝဘေးအန္တရာယ်အမျိုးမျိုးကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့ အလှူငွေပေးအပ်



**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်းကို ဒီဇင်ဘာ ၁ရက် နံနက် ၇ နာရီခွဲက ပုသိမ်ကြီးမြို့နယ်ရှိ အတုလမဟာမြကျောက်စေတီတော်ဘုရားဝန်းအတွင်းရှိ လျောင်းတော်မူဘုရားတွင် ပြုလုပ်သည်။

သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး ဆုတောင်းမေတ္တာပို့သမှုများတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေးဝင်း၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး လျောင်းတော်မူဘုရားအားပန်း၊ ဆီမီးရေချမ်းများ ကပ်လှူပြီး ကန်တော့၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူးနှင့်တပ်ဖွဲ့မှူးများက ပုသိမ်ကြီးမြို့နယ် အတုလမဟာမြကျောက်စေတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ဝ၄၅)

## ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။ **(ယာပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အလှူရှင်မိသားစုက အရဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝမ္မာစရိယ B.A အရှင်မြတ်က ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဖခင်ကြီး ဦးကြည်မောင်၊ မိခင်ကြီး ဒေါ်မြင့်မြင့်တို့အား ရည်စူး၍ ဦးဝင်းမြင့်ဦး+မခိုင်ကလျာ၊ သား မောင်ဘုန်းသန့်မောင် မိသားစု၊ မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၄ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၅ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။




(ကဆ)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာဆေးရုံကြီးသို့ နိုဝင်ဘာ ၂၀ ရက် မန္တလေးမြို့၊ အောင်ပင်လယ်ရက်ကွက်နေ နှစ်ဖက်မိဘများနှင့် အစ်ကို၊ အစ်မများ အမှူးထား၍ ဦးဝင်းဦး+ဒေါ်ရီရီငွေး မိသားစုမှ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အသေးစိတ်သိရှိ လိုပါက ဖုန်းနံပါတ်-၀၉၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်မေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)





## ရွာမွန်အ-ထ-ကကျောင်းသို့ ပရင်တာစက် လှူဒါန်း

**မကွေး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ ရွာမွန်အထက်တန်းကျောင်းသို့ ဒီဇင်ဘာ ၁ ရက်က အလှူရှင်ရန်ကုန်မြို့နေ ဒေါ်ခင်နှင်း၏ကိုယ်စား မြတ်ဂုဏ်ပြည့် ဘိုးဘွားရိပ်သာ အကျိုးဆောင်အဖွဲ့က ပရင်တာစက်တစ်လုံးအား ပေးအပ်လှူဒါန်းရာ ကျောင်းတာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(ကဆ)

**မီးမရှို့ မြေမမြှုပ် စက္ကူတွေကို ဒါနလုပ်**

# သဇင်ပွင့်သည့် နတ်တော်လနှင့် ရေးစာဆိုများ

ဦးနေဝင်း(ဗန္ဓုလ-ကြေးသွန်း)

နတ်တော်လသို့ ရောက်ရှိလာချိန်တွင် မြောက်ပြန်လေအေး ဆော်သွေးလို့ တိုက်ခတ်လာချေပြီ ဖြစ်သည်။ နတ်တော်လသည် မြန်မာနိုင်ငံ၏ ရာသီဥတုသုံးမျိုးထဲမှ ဆောင်းတွင်းကာလ ဟေမန္တ ရာသီကို ရောက်ရှိချိန်ဖြစ်သဖြင့် အအေးဓာတ်ပေးလျက် ရှိနေပေသည်။

တစ်ဆယ့်နှစ်လ ရာသီဘွဲ့များတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လတို့ကိုပေါင်းစပ်ကာ ဆီမီးထွန်းချိန်ကထိန် နတ်ကျင်းအခါသမယဟူ၍ ရေးကြသည်။ ဤလသည်ကား နတ်တော်လသို့ ရောက်ခဲ့လာပြီဖြစ်၍ နတ်တော်လနှင့်ဆိုင်ရာ စာပေကဗျာများကို ရှာဖွေဖတ်ရှုကြည့်မိသည်။

"နတ်တော်ခါမီ ခနချီ၊ မိဂသီရောင်တစ်ဆန်း" ကင်းဝန်မင်းကြီး ဦးကောင်းက ရေးဖွဲ့ခဲ့ပြီး၊ "ဖလ်နန်းရှင်လည်း နေ့လျှင်တစ်ဖန်၊ ပြဿာသဠ်နှင့်လျှင်မြန်လှည့်ထွန်း"ဟူ၍ ဦးယာက ရေးဖွဲ့ခဲ့သည်။ နတ်တော်လပြည့်နေ့ ညသန်းခေါင်တွင် ငွေစန္ဒာလမင်းသည် မိဂသီနက္ခတ်နှင့် တောင်မြောက်ယှဉ်ပြိုင် ထွန်းလင်းလျက်ရှိနေသည်။ ဆောင်းတွင်းကာလဖြစ်၍လည်း ဒီဇင်ဘာလ၊ ဇန်နဝါရီလတို့တွင် မြန်မာနိုင်ငံ၌ အအေးပိုတတ်သည်။ နေသည် တောင်ဘက်သို့ တိမ်းစောင်းသွားလေလေ၊ မြန်မာပြည်အဖို့ အအေးပိုလေလေဖြစ်သည်။ ထို့ကြောင့်ပင် "နှင်းသွန်းခိုက်ကြုံ၊ သလွန်ဘုံမှာ၊ ခြုံသူမရှိ၊ တစ်ကိုယ်တည်း အိခိုက်မို့" စသည်ဖြင့် စာဆိုတော် မယ်ခွေတို့ ခိုက်ခိုက်တုန်အောင် ရှိခဲ့ရကာ ချမ်းညည်းညည်းခဲ့ကြသည်။

ဤရာသီ၌ "စိမ့်ကြီး မြိုင်ကြီး၊ ရိပ်ကြီးတောတောင်၊ နေရောင်မခံ၊ ပန်းပျံပင်ဆင့်၊ မြေနှင့်ရန်ဖက်ကြုံ၍" စုံမြိုင်အတွင်းမှာ ကြိုင်သင်းတောလုံး၊ ရနံ့ဖုံးသား၊ ပတ်ကုံးဝန်းကျင်၊ မြေတွင်မပေါက်၊ ပင်ပေါ်ပေါက်သည်၊ နှင်းပေါက်ရွှင်ရွှင် ဖူးတံဆင်လျက်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်တင့်သို့၊ လှတင့်စိန်သွေး နတ်ပန်းမွေး ဟူသည့်အတိုင်း သဇင်ပန်းများလည်းပွင့်ကြ၊ နတ်ပွဲများလည်း ကျင်းပကြသည့်အခါသမယ ဖြစ်လာပေသည်။ ထို့ကြောင့် နတ်တော်လတွင် တော်ဝင်သဇင်ပန်းများလည်း မွေးကြသည်။ နတ်တို့လည်း ပျော်ကြသည်ဖြစ်ရာ နတ်ပျော်သော လတစ်လဖြစ်၍ နတ်ပျော်သောလမှ နတ်တော်လဖြစ်လာသည်ဟု သိရသည်။ ပုဂံရာဇဝင်ဆိုင်ရာ စာအုပ်များတွင် မဟာဂီရိနတ် မောင်နှမတို့ကို ပုပ္ပားတောင်ထက်၌ ပူဇော်ပွဲ ပြုလုပ်ကြသည်ဟု ဖတ်ရှုရသည်။

အင်းဝခေတ်နှင့်ကုန်းဘောင်ခေတ်၊ အမရပူရဗဒုံမင်း၊ မြေးတော်စစ်ကိုင်းမင်း၊ ရတနာပုံခေတ် မင်းတုန်းမင်းတို့လက်ထက်များတွင်၊ ထင်ရှားသည့်စာဆိုတော်အကျော်အမော်များစွာ ပေါ်ထွန်းလာခဲ့ကြသည်။ အမရပူရ ဘိုးတော်ဘုရားလက်ထက်က နတ်တော်လ၌ စာဆိုတော်ပွဲ ပေါ်ပေါက်ခဲ့၍ ဘိုးတော်ဘုရားသည် အမြော်အမြင်ရှိသူဟု မှတ်တမ်းတင်ကြသည်။ ပို့ အလင်္ကာ ကဗျာ တေးသီချင်းများနှင့် စကားပြေ အရေးအသားများကို ရေးခတ်စာဆိုရှင်များသည် ကြယ်တာရာများအကြောင်းကို ညှပ်၍ထည့်သွင်းဖွဲ့ဆိုလေ့ရှိကြသည်။ မယ်ခွေ၏ ရာသီဖွဲ့များ၊ ရှင်ဥတ္တမကျော်၏ တောလား၊ ဦးယာ၏လူးတား၊ မြဝတီမင်းကြီး ဦးစ၏လွမ်း ခလေ့ပတ်ပျိုး၊ ဖိုးသူတော်ဦးမင်း၏လေးချိုးများ၊ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့၊ ရှင်မဟာသီလဝံသ၊ ရှင်ခေမာ၊ ရှင်မဟာရဋ္ဌသာရ(ကိုးခန်းပျို့)၊ မန်လည်ဆရာတော်ကြီး၏ မာဃဒေဝလင်္ကာကြီး၊ တောင်တွင်းကြီးဦးကြော့၏ စုံနံ့သာမြိုင်ရာပုံတော်၊ ရွှေတိုက်စိုး ဦးတိုး၏ ရာမရကန်၊ ကင်းဝန်မင်းကြီး၊ စလေဦးပုည၊ အချုပ်တန်းဆရာဖေ၊ စာဆိုတော်မမြလေး၊ မင်းသမီးလှိုင်ထိပ်ခေါင်တင် အစရှိသည့် အခြားသော ရေးစာဆိုတို့၏စာပေများကို ဖတ်ရှုလေ့လာကြည့်မိပါသည်။

"မဟာဥပရာဇ်ချင်းတွင် ဒွါဒသရ တစ်ဆယ့်နှစ်လဝယ် ဒေဝနတ်များ ပျော်ပါးကဲဆ လွန်ရွှင်ပြ၍ လနတ်တွင်ရှင်"ဟုလည်းကောင်း၊ ဖိုးသူတော်ဦးမင်း၏လေးချိုးတွင် "နတ်ရထားခွင် မြတ်ပွဲဆင်သို့ သဘင်ပရမ ခါသမယကို"ဟုလည်းကောင်း တွေ့ရသည်။

နက္ခတ်တာရာ ဂြိုဟ်သွားဂြိုဟ်လာ ကြည့်ရှုကြသော နက္ခတ္တပညာရှင်တို့အဆိုအရ၊ ကြယ်စုတွေကို ကြည့်ပြန်ရင်လည်း မောင်ရင်ဆိုင်းထမ်းကြယ် (အထောင်လိုက်)နှင့် အလှဲလိုက်ကြယ်တန်းမှာ ရေမှုတ်ကမ်းကြယ်စုဖြစ်သည်၊ ထိုကြယ်စုများကိုကြည့်၍ "မောင်ရင်ဆိုင်းထမ်း ရေမှုတ်ကမ်း လက်လှမ်းမမီနိုင်" ဟု စာဆို ဦးဩက ရေးဖွဲ့ခဲ့သည်။

"မိဂသီတောင်မှာ၊ မောင်ရင်ဆိုင်းထမ်း၊ ရေမှုတ်ကမ်းသို့ အလွမ်းကို နယ်ဖြန့်"စသည်ဖြင့် စာဆိုဦးတိုး တို့စာဖွဲ့ခဲ့ကြသည်။

နတ်တော်လတွင် ပွင့်သောပန်းများထဲမှ သဇင်ပန်းကို အမွှမ်းတင်တတ်ကြပေသည်။ သဇင်ပန်းသည် စိမ့်ကြီးမြိုင်ကြီး တောတောင်ထဲမှာ နေရောင်မခံ ပွင့်အားသန်သည့် ပန်းပျံပင်ဆင့် ဖြစ်သဖြင့် တင်စားလျက် တော်ဝင်နန်းထိုက် မကိုဋ်ပန်းဟူ၍ ခေါ်ဆိုကြပြီး၊ တောမြိုင်ထဲမှာ ပွင့်သော်လည်း ရွှေနန်းတော်သို့ ရွှေကျိုင်းရွှေသိုင်းများဖြင့် ဝင်းခင်းကာယူဆောင်၍ ဘုရင်မင်းမြတ်ထံသို့ ခစားဆက်သရသော ပန်းဖြစ်ခြင်းကြောင့်လည်း တော်ဝင်ပန်းဟု ခေါ်ဆိုနေကြခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍လည်း ပန်းမင်းသဇင်ရယ် နန်းစာရင်းဝင်ခဲ့၍လားမသိ ဆွတ်ချူရန် ခက်လှပါဘိ စသည်ဖြင့် တေးသီဖွဲ့ကြသည်။ မြောက်ပြန်လေညင်း ငွေနှင်းဖွေးဖွေးကြုံ တစ်ကိုယ်ရေထဲတော့ လွမ်းမိသလိုလို ဖြစ်ကြရသည်။ မြောက်ပြန်လေ ဆော်သွေးလို့ ငွေနှင်းဖွေးလို့ ဆောင်းလရာသီ ရောက်ပြီဆိုလျှင် ရာသီသဘာဝ ပန်းပေါင်းစုံဖူးပွင့်လို့ နွဲ့မှုယိမ်းလျက် လှုပ်ရှားနေပြီး အဆင်းလှ သင်းရနံ့ကြွယ် ပန်းပေါင်းစုံတို့ ပင်လုံးဖြာပြီး ဆောင်းရနံ့ကို သရုပ်ဖော်နေသကဲ့သို့ ဖြစ်ပေသည်။

စာဆိုဦးတိုးသည် သဇင်ပန်းနှင့် ပတ်သက်၍ ရေးဖွဲ့ထားသည်မှာ "မြတ်ပန်တော်ပန်း၊ ခိုင်လုံးလန်းကို ဟိုလောင်ပန်းပွင့်ဘယ်ဂုဏ်ကြောင့် ဝင့်မတုံး၊ ဘုန်းနှင့်ကံနှင့် ရွှေသဇင်ဟူ၍ သဇင်ပန်းဆိုသည်ကား မြင့်မြတ်တော်ဝင်သူများသာ ပန်ဆင်သောပန်းဖြစ်ကြောင်း ဘုန်းရှိသောပန်း၊ ကံထူးသောပန်း၊ ရွှေကဲ့သို့ အဖိုးထိုက်တန်သော ပန်းဖြစ်ကြောင်း ဂုဏ်တင်ရေးဖွဲ့ခဲ့သည်။

ဆောင်းရာသီတွင် သဇင်ပန်းနည်းတူ ပွင့်သောပန်းမှာ သစ်ခွပန်းဖြစ်သည်။ သစ်ခွပန်းများသည်လည်း သဇင်ပန်းများနည်းတူ ပန်းပျံပင်ဆင့်ဘွဲ့ အမည်ကို ခံယူထားကြောင်း ရေးစပ်ရာတွင် "တချို့က နီပြာပြာ၊ တချို့ကဖြူဝါဝါ တချို့မှာချိပ်ပွင့်၊ တချို့မှာ ပန်းရင့်ကို ပင်ဆင့်ပန်းပျံဘွဲ့ အမည်ရည်ခံ"ဟူ၍ ရေးဖွဲ့ထားပါသည်။

မြန်မာ့ဆေးကျမ်း ပညာရှင်များကလည်း ဥတုရာသီနှင့် ကိုက်ညီအောင် တွက်ချက်ကာ ဆေးပေးတတ်ကြသည်။ ဆောင်ပျက်ခိုက် ငုပ်လွန်ဆုံးချုပ်၊ "အောင်စည်မှုတ်ထွေ" စသောနည်းများဖြင့် ဓာတ်တိုင်ထူ ကုသသော ဆေးပညာရှင်များအဖို့မူ၊ သာ၍ပင် ဂြိုဟ်၊ တာရာ၊ ကြယ် နက္ခက်များနှင့် ညှိနှိုင်းတွက်ချက် တိုက်ဆိုင်ကြည့်ရှု၍ ဓာတ်စာဆေးဝါးများ ပေးကြရသည်ဖြစ်ရာ "သုံးထွေသုံးကြောင်း နွေမိုးဆောင်းဟု ကူးပြောင်းသမှု တစ်ဥတုနှင့် တစ်ဥတုကြား၊ ထွေပြားမည်၊ ရာသီအန္တရ ဆိုသမျှကို သုဒ္ဓကာရော စစ်ဆေးကြောဖို့ အာပေါတကွ အာကာသသည် ဆောင်ကြပြုပြင်စတမ်း"ဟု စသည်ဖြင့်လည်း နရာသုခိဆေးကျမ်းလင်္ကာတွင် မိန့်ဆိုထားသည်ကိုတွေ့ရသည်။ နတ်တော်လအကြောင်းများကား ရေးဖွဲ့၍ သာဓကပြရလျှင် ရေးစာဆိုတော်တို့၏ အဆိုအမိန့်များ ရာသီဘွဲ့တေးကဗျာလင်္ကာများ ဆေးကျမ်းများ ဗေဒင်ကျမ်းများ နတ်တော်လပွင့်သော ပန်းများ စသည်စသည်ဖြင့် နတ်တော်လသည် စာဆိုတော်တို့ စိတ်ကူးပုံဖော်ရေးဖွဲ့စပ်ဆိုစရာကောင်းသော လတစ်လအဖြစ် တွေ့ရပေသည်။

## မိုးစပါး၊ ဆောင်းကုလားပဲ၊ နွေနှမ်း သုံးမျိုးကို တစ်နှစ်သုံးသီးစိုက်ပျိုးလျက်ရှိ

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် မိုးစပါး၊ ဆောင်းကုလားပဲ၊ နွေနှမ်း သုံးမျိုးကို တစ်နှစ်သုံးသီး စိုက်ပျိုးလျက်ရှိကြောင်း တောင်သူများထံက သိရသည်။

ထိုသို့ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးမြေကိုသဘာဝအတိုင်း ပြုပြင်ပြီးသားဖြစ်သလို စိုက်ပျိုးသည့် သီးနှံအတွက် သုံးစွဲရသည့် သွင်းအားစုဓာတ်မြေဩဇာသုံးစွဲမှုလည်း သက်သာကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် မိုးစပါး စိုက်ပျိုးချိန်က ဆည်ရေ မရရှိမှုကြောင့် ရေတင်ရေသွင်းပြီး စိုက်ပျိုးရသဖြင့် တစ်ဧက စိုက်ပျိုးစရိတ် ပိုမိုကုန်ကျထားကြောင်း ပုသိမ်ကြီးမြို့နယ်မှ တောင်သူဦးမျိုးသန့်က ပြောသည်။

"ဒီနှစ်မိုးစပါးစတင်စိုက်ပျိုးချိန်မှာ ဆည်ရေအခက်အခဲရှိခဲ့တော့ ရေသွင်းရေတင်ပြီး ခက်ခက်ခဲခဲ ဖြစ်အောင်စိုက်ပျိုးခဲ့ရတော့ အလုပ်သမားစရိတ်၊ စက်သုံးဆီ ဈေးကြီးမြင့်တာတွေ သွင်းအားစု ဈေးတွေကလည်း မနှစ်ကထက် ဈေးမြင့်တက်တာပါ။ ဒီနှစ်မိုးစပါးက သေချာဂရုစိုက်ထားလို့ စပါးထွက်နှုန်းတော့ ကောင်းလာပါတယ်" ဟု ၎င်းက ပြောသည်။

တောင်သူ ဦးမျိုးသန့်အနေဖြင့် ပုသိမ်ကြီးမြို့နယ်အတွင်း တစ်ဆက်တစ်စပ်တည်း ဧက ၄၀ ကျော်ကို မိုးရာသီတွင် မိုးစပါး ဆောင်းရာသီတွင် ကုလားပဲ၊ နွေရာသီတွင် နွေနှမ်း၊ နေကြာတို့ကို တစ်နှစ်ပတ်လုံးတွင် သုံးသီးရအောင် သီးလှည့်စိုက်ပျိုးခြင်းကြောင့် သီးနှံအလိုက် အောင်မြင်ဖြစ်ထွန်းမှု အားကောင်းပြီး ဝင်ငွေကောင်းလျက်ရှိသည်။



ပုသိမ်ကြီးမြို့နယ်အတွင်း ကကျေးရွာအများစုမှာ မိုးစပါး စိုက်ပျိုးနိုင်မှုလျော့ကျခဲ့ပြီး သက်ငယ် စပါးများကိုသာ ဖြည့်စွက်စိုက်ပျိုးခြင်း၊ အခြားသီးနှံ မတ်ပဲ၊ ပဲတီစိမ်းကို အစားထိုး စိုက်ပျိုးခဲ့ကြကြောင်း၊ ယခု မိုးစပါးရိတ်သိမ်းပြီးတာနှင့် ကုလားပဲကို ချက်ချင်း စိုက်ပျိုးလျက်ရှိကြောင်း တောင်သူများထံက သိရသည်။

လက်ရှိမိုးစပါးရိတ်သိမ်းချိန်တွင် တစ်ဧက စပါးရိတ်သိမ်းစက်ငှားရမ်းခမှာ ငွေကျပ် ၁၇၀၀၀၀ ထိပေးရသဖြင့် ယခုနှစ်မိုးစပါးစိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ငွေကျပ် ၁၀သိန်းကျော်ထိ ကုန်ကျမှုရှိကြောင်း သာလှအေးကျေးရွာမှ တောင်သူကိုရဲက ပြောသည်။

(ဝဲပုံ)

ရွှေမန်း

# မန္တလေးဈေးကွက်အတွင်းသို့ ပဲမြစ်များလှိုင်လှိုင်ဝင်ရောက်လာ

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးဈေးကွက်အတွင်းသို့ ကျောက်ဆည်နှင့် ရွှေဘိုဒေသများက ပေါဦးပေါ်ဖျား ပဲမြစ်များ လှိုင်လှိုင်ဝင်ရောက်လာကြောင်း ကိုင်းတန်းဈေးအတွင်းရှိ ပွဲရုံများထံက သိရသည်။

ကိုင်းတန်းဈေးအတွင်း တစ်ရက်လျှင် ကုန်ပိုသာချိန် ရာနှင့်ချီကာဝင်ရောက်နေပြီး ယခင်နှစ်များထက်စာရင် ဝင်ရောက်မှု လျော့နည်းကြောင်း သိရသည်။

"ကျောက်ဆည်ဘက်က ဒီနှစ်မှာ အဝင်နည်းတယ်၊ အဓိက ရွှေဘိုဘက်က ဝင်တာများတယ်၊ အခုချိန်က ပဲမြစ်လှိုင်လှိုင်ပေါ်တဲ့အချိန်ဖြစ်တယ်၊ ဈေးနှုန်းကတော့ အရွယ်အစားပေါ်မူတည်ပြီး ကွာခြားမှုရှိတယ်၊ မန္တလေးမြို့ကနေ နယ်ပယ်ပေါင်းစုံကိုလည်း တင်ပို့ရောင်းချနေရတယ်" ဟု အဆိုပါ ဈေးအတွင်းရှိ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

အထက်မြန်မာပြည်တွင် ပဲမြစ်အား ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလထဲတွင် စတင်တူးဖော်ကြကြောင်း ရွှေဘိုမြို့နယ်များနှင့် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရှိ မကျီးတော၊ စကားအင်း၊ ပင်းယ၊ မြေတော်၊ ကူးတို့ဆိပ်ရွာများရှိ ယာမြေများပေါ်တွင် စိုက်ပျိုးကြပြီး မကျီးတောပဲမြစ်မှာ အရသာ ပိုမိုကောင်းမွန်သည်။

"ဈေးကွက်ထဲကို ဝင်တာကတော့ အရင်နှစ်တွေကထက်နည်းတယ်၊ မိုးများပြီး ရေကြီးတာတွေကြောင့် ကျောက်ဆည်ဘက်က ပဲမြစ်စိုက်ခင်းတွေ ရေဝင်ပြီး ပျက်စီးတယ်၊ အဲ့ဒီအတွက် ထွက်နှုန်းတွေ ရှစ်ဆယ်ရာခိုင်နှုန်းလောက်ကျဆင်းသွားတယ်" ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်အတွင်းတွင် ပဲမြစ်ထိပ်စ တစ်ပိသာလျှင် ငွေကျပ် ၅၀၀၀ ဝန်းကျင်၊ အလတ် ၄၀၀၀ ဝန်းကျင်ရှိပြီး မန္တလေးမှတစ်ဆင့် မိတ္ထီလာ၊ တောင်ကြီး၊ မုံရွာ၊ မော်လမြိုင်၊ မတ္တရာ စသည့် မြို့များရှိ ပွဲရုံများထံသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)





# အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂**

အထက်မြန်မာပြည် ဘူမိဗေဒမိသားစု၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ကျောင်းတိုက်ရှိ ကျုံရှင်ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အာစရိယပူဇော်ပွဲသို့ မန္တလေးမြို့နေ ကန်တော့ခံဆရာကြီးများဖြစ်ကြသည့် ဦးသန်းဇိုလ်၊ ဦးကျော်တင့်၊ ဒေါက်တာမြင့်သိန်း၊ ဦးထွန်းအောင်၊ ဦးကျော်ဝင်း၊ ဦးဇေမောင်သိန်းနှင့်ဒေါက်တာအေးကိုအောင်တို့ တက်ရောက်ကြသည်။ မျိုးဆက်သစ် မျိုးဆက်ဟောင်း ဘူမိကျောင်းသား ၁၂၀ ခန့် တက်ရောက်ကြပြီး ဆရာကြီးများကို ဝတ္ထုငွေ ကန်တော့ပစ္စည်းများနှင့် လက်စုံမိုးကာ ရှိခိုးကန်တော့ကြသည်။

ဆရာကြီးဦးသန်းဇိုလ်၊ ဒေါက်တာမြင့်သိန်းတို့က ဩဝါဒစကားပြောကြားကြသည်။ ဘူမိဗေဒ ထာဝရ ရာသက်ပန်ငွေပဒေသာပင် စိုက်ထူကြသော အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ မန်းတက္ကသိုလ် ဘူမိဗေဒဌာနအတွက် ပရင်တာလှူဒါန်းပြီး ရန်ကုန်မြို့နေ ဆရာကြီးဒေါက်တာ ဦးသိန်းက ဗီဒီယိုကလစ်ဖြင့် အမှတ်တရဩဝါဒအမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄ဝ)

# ဆောင်းသီးနှံ မတ်ပဲ၊ နေကြာ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**လယ်ဝေး ဒီဇင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ သစ်ဆိမ့်ပင်ကျေးရွာအုပ်စု၊ တောင်သူပညာပေး စံပြကွက်နှင့် အဆင့်မြင့်လယ်ယာမြေဧက ၂၀၀ ရှင်းလင်းဆောင်တွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းသီးနှံ မတ်ပဲနှင့် နေကြာ ၄း၁ စိုက်ပျိုးမှုသရုပ်ပြပွဲနှင့် မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် ဆောင်းပဲပုပ်မျိုးနှင့်သွင်းအားစုများ ပေးအပ်ပွဲကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးနိုင်ဦး၊ လယ်ဝေးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူရ၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြို့နယ်ကော်မတီဝင်များ၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့်တောင်သူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်၊ သစ်ဆိမ့်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၈၂၆)ရှိ တောင်သူဒေါ်သင်းသင်းခိုင်နှင့် တောင်သူနှစ်ဦးတို့၏ တောင်သူပညာပေးစံပြကွက် ၅ ဧကတွင် မတ်ပဲနှင့်နေကြာ ၄း၁ စိုက်ပျိုးသရုပ်ပြခြင်းများဆောင်ရွက်ရာ တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်းဆီထွက်သီးနှံ ပဲပုပ်စီမံကိန်းဖြင့် ဆောင်ရွက်မည့် ကျေးရွာအုပ်စုများဖြစ်သည့် ပုံချို၊ ပြောင်ခေါင်းကြီး၊ အလယ်ကျွန်း၊ ပေါက်မြိုင်၊ ရှမ်းစု၊ ဝင်တဲကူး၊ သဲကောကြီးနှင့်မဒေါ်ပင်ကျေးရွာအုပ်စုများမှ စိုက်ဧက ၄၀ အား တစ်ဧက တစ်တင်းနှုန်းဖြင့် ပဲပုပ်မျိုးတင်း ၄၀ နှင့် သွင်းအားစုများပေးအပ်ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဆောင်းပဲပုပ်စိုက်ဧရိယာများတွင် အကျိုးတူစိုက်ပျိုး၍ ကြမ်းခင်းဈေး တစ်တင်းလျှင် ငွေကျပ်ကိုးသောင်းနှုန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မြစ်သား ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရွှေသူဌေးရပ်ကွက်အတွင်းရှိ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းဝင်း သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၃၀ ရက် နံနက် ၇ နာရီက သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဝန်ထမ်းများ၊ မြို့မရဲစခန်းမှုရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းအတွင်းရှိ ချုံနွယ်များ၊ မြက်ပင်ပေါင်းပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသောအမှိုက်သရိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၁) ဗိုလ်မှူးဘိုဘိုအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးဝင်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၈၀ဦးခန့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်း

**ကျွန်းလှ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးသော မိုးစပါး တစ်ဧက အထွက်နှုန်း သိရှိရန်အတွက် ယမန်နေ့က မန်ကျည်းအင်းကျေးရွာ၊ တောင်သူဒေါ်ရွှေဝ၏ ပန်းတိုင်အထွက်စံပြကွက် ဧရာမင်း စပါးမျိုး ၅ ဧက စိုက်ခင်း၌ စံကွက်ရိတ်သိမ်းခဲ့သည်။

ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် ၆ ဒသမ ၆ ပေ ပတ်လည်ဖြင့် စပါးစိုက်ခင်းအတွင်း သုံးနေရာရိတ်သိမ်းရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း စပါးအစိတ် ၁၁၂ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၈ ဧက စိုက်ပျိုးခဲ့ပြီး ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ စပါးမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

(၄၈၀)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# ပြည်တွင်း၊ ပြည်ပ ဝယ်ယူမှုကြောင့် ပြောင်းဆန်ဈေးနှုန်းမြင့်တက်လာ



**မန္တလေး ဒီဇင်ဘာ ၂**

ပြည်တွင်း၊ ပြည်ပ ဝယ်ယူမှု ကောင်းမွန်ခြင်းကြောင့် မန္တလေးဈေးကွက်အတွင်းတွင် ပြောင်းဆန်ဈေးနှုန်းများအနေဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် နှစ်ထောင်ဝန်းကျင်မြင့်တက်လာကြောင်း မန္တလေးပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်းထံက သိရသည်။

ပြောင်းဆန်ဈေးနှုန်းများမှာ သုံးတင်းဝင်တစ်အိတ်လျှင် နိုဝင်ဘာ ၁၃ရက်တွင် ပြောင်းဆန်(ဗမာ)ငွေကျပ် ၇၅၀၀၀၊ ပြောင်းဆန်(ရှမ်း)ငွေကျပ် ၇၈၀၀၀ ၊ ပြောင်းဆန်(စီပီ)ငွေကျပ် ၈၈၀၀၀ ရှိခဲ့ရာမှ နိုဝင်ဘာ ၂၉ ရက်တွင် ပြောင်းဆန်(ဗမာ)ငွေကျပ် ၇၉၀၀၀ ၊ ပြောင်းဆန်(ရှမ်း)ငွေကျပ် ၈၁၀၀၀ ၊ ပြောင်းဆန်(စီပီ)ငွေကျပ် ၈၀၅၀၀ သို့ မြင့်တက်လာသည်။

"ပြောင်းဆန်အသစ်တွေက တော့ ပေါ်နေတယ်၊ အဝင်က မနှစ်ကလောက်မများတဲ့အပြင် အဝယ်တွေက ပြည်တွင်းက တိရစ္ဆာန်အစာစပ်စက်ရုံတွေက လည်း ဝယ်ယူနေသလို၊ ပြည်ပ နိုင်ငံတွေကလည်း ဝယ်ယူမှုက လျော့ကျသွားတာမျိုးမရှိပါဘူး၊ ဒါကြောင့် ဈေးနှုန်းတွေမြင့်တက်လာတာဖြစ်ပါတယ်၊ တောင်သူတွေအတွက်တော့ အဆင်ပြေတာပေါ့"ဟု အဆိုပါ အသင်းရှိ ကုန်သည်တစ်ဦးဖြစ်သည့် ဦးညို က ပြောသည်။

ပြောင်းဆန်များကို ပြည်ပ နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ နိုင်ငံများသို့ အများဆုံးတင်ပို့ ရောင်းချနေရပြီး အဓိကရေလမ်း ကြောင်းမှ တင်ပို့မှု ပြုလုပ်လျက် ရှိကြောင်း၊ ယခုထွက်ရှိလာသည့် ပမာဏမှာ ပြည်ပနိုင်ငံများက ဝယ်ယူလိုသည့် ပမာဏအထိ တင်ပို့နိုင်မည့်အခြေအနေမရှိ ခြင်းကြောင့် ပြောင်းဆန်ဈေး နှုန်းများ ပိုမိုကောင်းမွန်လာ မည့် အခြေအနေတွင် ရှိသည်။

ပြောင်းသီးနှံသည် မြန်မာ နိုင်ငံတွင် ဆန်စပါးပြီးလျှင် အဓိက အရေးပါသော သီးနှံအမျိုးအစား များအနက်မှ တစ်ခုဖြစ်ကြောင်း၊ လူသားများ၏ အစာကွင်းဆက် တွင်လည်း အရေးကြီးသောသီးနှံ တစ်ခုဖြစ်ကြောင်း၊ လေ့လာထုတ် ပြန်သော အစီရင်ခံစာများအရ ပြောင်းသီးနှံကို မြန်မာနိုင်ငံတွင် စုစုပေါင်းဧက ၁ သန်းမှ ၁ ဒသမ ၂ သန်းအထိ စိုက်ပျိုးပြီး တစ်နှစ် လျှင် မက်ထရစ်တန်ချိန်ပေါင်း ၂ ဒသမ ၅ သန်းမှ ၂ ဒသမ ၉ သန်းအထိ ထွက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်မှု၏ ၅၅ ရာခိုင်နှုန်းကျော်အား ရှမ်းပြည် နယ်တွင် စိုက်ပျိုးပြီး စစ်ကိုင်း တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည် နယ်၊ ဧရာဝတီတိုင်းဒေသကြီး တို့တွင် စိုက်ပျိုးကြကြောင်း၊ မိုးသီးနှံအဖြစ် မေလမှ ဇွန်လ အတွင်း အများဆုံးစိုက်ပျိုးပြီး အောက်တိုဘာ၊ နိုဝင်ဘာလတို့ တွင် ရိတ်သိမ်းကြောင်း၊ ထပ်မံ၍ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် အနည်းငယ်စိုက်ပျိုးကာ ဧပြီ၊ မေလတို့တွင် ရိတ်သိမ်းကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-ဈ)**



## ကျေးလက်တောင်သူများ ဆောင်းကြက်သွန်နီ စတင်စိုက်ပျိုးလျက်ရှိ

**ညောင်ဦး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်တောင်သူများ ဆောင်းကြက်သွန်နီ စတင်စိုက် ပျိုးလျက်ရှိကြောင်း ကျောက်ပန်း တောင်း မြို့နယ် ကန်ပတ်လည် အုပ်စု၊ မုန့်ကုန်းကျေးရွာ ဆောင်း ကြက်သွန်နီစိုက်ပျိုးတောင်သူ ဦးနေမျိုးထွန်းထံက သိရသည်။

ဆောင်းကြက်သွန်နီစိုက်ပျိုး ရာတွင် မျိုးစေ့ကို သီတင်းကျွတ် လနှင့် တန်ဆောင်မုန်းလတို့တွင် စတင်ပျိုးထောင်ကြောင်း၊ မျိုး (ပျိုး)စေ့ပျိုးထောင်ပြီး ရက်ပေါင်း ၄၅ ရက်ပြည့်လျှင် စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးရခြင်းဖြစ် သည်။ ကျောက်ပန်းတောင်း မြို့နယ် ကြက်မောက်တောင် ဆည် ပတ်ဝန်းကျင်ကျေးရွာများ၊ ရေဆုံးကျေးရွာနှင့် ပုပ္ပားမြောက် ဘက် စိတ္တိန်းကျေးရွာတို့၌ ဆောင်းကြက်သွန်နီ အမြောက် အမြား စိုက်ပျိုးကြကြောင်းနှင့် ယာမြေတွင် စိုက်ပျိုးသည့်အပြင် ကျွန်းမြေ၊ ချောင်းမြေများတွင် လည်း စိုက်ပျိုးကြသည်။ ဆောင်း ကြက်သွန်စိုက်ခင်းသို့ ပြောင်း ရွှေ့စိုက်ပျိုးပြီးလျှင် ယာမြေများ တွင် မြောင်းဘောင်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးခြင်း၊ကျွန်းမြေ၊ ချောင်းမြေများတွင် ရေဖျန်းစနစ် ဖြင့် စိုက်ပျိုးကြသည်။ ဆောင်း ကြက်သွန်နီစိုက်ပျိုးရာတွင် ပျိုး ထောင်ချိန်မှ နုတ်သိမ်းချိန်အထိ ငါးလခန့်ကြာမြင့်ပြီး ပျိုးထောင် ရက် ၄၅ ရက်နှင့် စိုက်ခင်းတွင် ရက်ပေါင်း ၉၀ ပြည့်မှ နုတ် သိမ်းသည်။ ဆောင်းကြက်သွန်နီ စိုက်ပျိုးချိန်တွင် ကြက်သွန်စိုက် သူတစ်ဦး၏ လုပ်အားခမှာ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငွေကျပ် ၇၀၀၀၊ ယာထွန်စက် ငှားရမ်းခမှာ တစ်နာရီလျှင် ငွေ ကျပ် ၄၅၀၀၀၊ နွားဖြင့်ထွန် ယက်ခမှာ တစ်မနက်လျှင် ငွေကျပ်၂၀၀၀၀၊ နွားချေးပုစဉ်း ခေါင်းထော်လာဂျီ တစ်စီးလျှင် ငွေကျပ် ၄၀၀၀၀၊ ဖော့စဖိတ် တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ ငုံးချေးတစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဝယ်၍ ထည့်သွင်း စိုက်ပျိုးရကြောင်းနှင့် ကြက်သွန် တစ်ဧကစိုက်ပျိုးစရိတ်မှာ ပျမ်းမျှ ဆောင်းကြက်သွန်မျိုးစေ့ စတင် ပျိုးထောင်ချိန်မှ နုတ်သိမ်း၍ လှောင်စင်ပေါ်ရောက်ချိန်အထိ ငွေကျပ် သိန်း ၃၀ ခန့် ကုန်ကျ သည်။

၂၀၂၃ ခုနှစ် ဆောင်း ကြက်သွန်နီများ ဈေးကွက် အတွင်း ကုန်သလောက် နီးပါး ဖြစ်နေပြီး တစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၂၇၀၀ ဖြင့် ရောင်းချ လျက်ရှိကြောင်းသိရပြီး ယခုနှစ် ဆောင်းကြက်သွန်နီပျိုးပင်များ စိုက်ခင်းအတွင်းစတင်စိုက်ပျိုး လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**



## မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းနားကျင်းပ

**သရက် ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မီးသတ်ဦးစီးဌာန သရက်ခရိုင် မီးသတ်ဦးစီးမှူးရုံး တွင် ဖွင့်လှစ်သည့် မီးဘေးလုံခြုံ ရေး အထူးကျွမ်းကျင်မှု ဆင့်ပွား သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ယနေ့ နံနက် ၈ နာရီက ခရိုင် မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပ ခဲ့ရာ ခရိုင်အတွင်းရှိ သင်တန်း သား ၁၈ ဦး တက်ရောက်ခဲ့ ကြသည်။

အဆိုပါ သင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ က အဖွင့်မှာစကားပြောကြား ရာတွင် သင်တန်းမှာ အဆင့်မြင့် မီးငြိမ်းသတ်ရေးဆိုင်ရာ သင်ခန်း စာများ၊ အန္တရာယ်ရှိ ဓာတုဗေဒ အကြောင်းနှင့် နိုင်ငံတဝန်းလုံးမှာ တိုးမြှင့် တည်ဆောက်လာတဲ့ စက်ရုံ၊အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ အထက်မြင့်အဆောက် အအုံတွေကို မီးဘေးလုံခြုံရေးနဲ့ အရေးပေါ် လွတ်မြောက်မှုဆိုင်ရာ ရှုထောင့်တွေကနေ အဆောက် အအုံများရဲ့ Structural Design နဲ့ ကိုက်ညီတဲ့ ထည့်သွင်းတပ် ဆင်တည်ဆောက်ရမယ့် ခေတ်မီ Fire Protectin System များ အကြောင်းကို နေပြည်တော်တွင် ဖွင့်လှစ်ခဲ့သည့် မီးဘေးလုံခြုံရေး အထူးအမှတ်စဉ်(၁/၂၀၂၄) သင် တန်းဆင်း မီးသတ်ဦးစီးအရာရှိမှ သင်ကြားပေးသွားမည်ဖြစ်ပြီး ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင် ထွေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ပြောကြား ပေးခဲ့သည်။ အဆိုပါ သင်တန်း သို့ သင်တန်းသား ၁၈ ဦး တက် ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် တစ်ပတ်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၈၄၂၂ ဧက စိုက်ပျိုးပြီးစီး

**တပ်ကုန်း ဒီဇင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် အတွင်း ယခုနှစ်ဆောင်းသီးနှံ စိုက် ရာသီတွင် ဒေသခံတောင်သူများ ပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုး တက်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်များသုံးစွဲရေးနှင့် စိုက်စနစ် မှန်ကန်ရေး၊ သဘာဝမြေသြဇာ နှင့်ဓာတ်မြေသြဇာများ အချိုးကျ သုံးစွဲနိုင်ရေး၊ ပဲသီးနှံများ စီးပွား ဖြစ်စိုက်ပျိုးနိုင်ရေး၊ ပဲသီးနှံများ အရည်အသွေးကောင်းရရှိရေး၊ အထွက်နှုန်းရရှိရေး၊ နည်းပညာ ရပ်များ ရယူသုံးစွဲနိုင်ရေးနှင့် ဈေး ကွက်ဝင် ပဲသီးနှံများစိုက်ပျိုးကြ ရေး စည်းရုံးဆောင်ရွက်လျက်ရှိ ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး ထံမှ သိရသည်။

တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ ၌ ပဲသီးနှံများ လျာထားစိုက်ပျိုးမှု အနေဖြင့် ပဲတီစိမ်း ၄၀၂၅ ဧက၊ မတ်ပဲ ၁၅၇၅ ဧက၊ ကုလားပဲ ၈၂၀ဧက၊ ပဲကြီး ၉၇၂၀ ဧကနှင့် အခြားပဲ ၂၃၀ဧက၊ စုစုပေါင်း ၁၆၃၇၀ ဧက လျာထားစိုက်ပျိုး လျက်ရှိသည့်အနက် ပဲကြီး ၄၈၀၉ ဧက၊ ပဲတီစိမ်း ၃၁၇၇ ဧက၊ မတ်ပဲနှင့် အခြားပဲ ၄၃၆ ဧက၊ စုစုပေါင်း ၈၄၂၂ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်လျာ ထားဧကပြည့်မီရေး ဒေသခံ တောင်သူများနှင့် ပူးပေါင်း၍ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရ သည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

သန့်ရှင်းသာယာ

မန္တလာ

ဝိုင်းဝန်း

ထိန်းသိမ်းပါ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...

❖ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...

❖ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...

❖ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...

❖ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း(အမျိုးသား) ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေးပြီး အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားအစီအစဉ်အလိုက် အကြိုပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ခေတ်ခြောက်ခေတ် ယိမ်းအကဖြင့် လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

ယနေ့တွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားနည်းများ အလိုက် ပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားရုံနှင့် အားကစားကွင်းများ၌ စတင်ယှဉ်ပြိုင်လျက်ရှိရာ ဝန်ကြီးဌာနအဆင့် အလွတ်တန်း ဘောလုံးပြိုင်ပွဲကို ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်း အားကစားကွင်း၌လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် U -21 အမျိုးသားဘောလုံး ပြိုင်ပွဲကို လေ့ကျင့်ရေးကွင်းအမှတ် (၃)၊(၄) တို့တွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် U-25 အမျိုးသမီးဘောလုံး ပြိုင်ပွဲကို ဘောဂဝတီကွင်းနှင့် လယ်ဝေးမြို့နယ် ကွင်းတို့တွင် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (အမျိုးသား/အမျိုးသမီး) ဖူဆယ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိဖူဆယ်ရုံ၌လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်း (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ လာရောက်အားပေးကြည့်ရှုကြသည်။

ယနေ့သည်ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သည်နှင့် အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာနကိုယ်စားပြု အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ခေတ်ခြောက်ခေတ် ယိမ်းအကဖြင့် လေ့ကျင့်နေမှု၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ ဖျော်ဖြေရေးအဖွဲ့များက သက်ဆိုင်ရာဖျော်ဖြေရေးအစီအစဉ်များအလိုက် လေ့ကျင့်ဆောင်ရွက်နေမှု၊ Lighting System၊ LED၊ အသံစနစ်နှင့် မီးစနစ်များ ကြိုတင်စမ်းသပ်နေမှုတို့ကိုကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်

---



## ဘန်ဇီမာ ကစားသမားဘဝ သွင်းဂိုး+ဂိုးဖန်တီးမှု ၇၀၀ ပြည့်မြောက်

**လန်ဒန် ဒီဇင်ဘာ ၂**

ပြင်သစ်လက်ရွေးစင်အသင်းနှင့် အယ်လ်အစ်တီဟတ်အသင်းတိုက်စစ်မှူး ဘန်ဇီမာ ကစားသမားဘဝ သွင်းဂိုး+ဂိုးဖန်တီးမှု ၇၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆော်ဒီပရီမီယာလိဂ်ပွဲစဉ်အဖြစ် အယ်လ်အစ်တီဟတ်အသင်းက အယ်လ်အစ်တီဖာအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး ဘန်ဇီမာသည် အယ်လ်အစ်တီဟတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂ ပွဲကစားပြီး ၂၄ ဂိုးသွင်းယူထားသည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဘန်ဇီမာက "ကျွန်တော်အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(NGB)